

ကော်ဝတ်ရည်
ဂျာနယ်ကျော်ဦးချစ်မောင်
(ရွှေလင်းယုန်)
သူ
အဋ္ဌမအကြိမ်
mgyoe.com

mgyoe.com SAMPLE BOOK

ဂျာနယ်ကျော်ဦးချစ်မောင်

(ရွှေလင်းယုန်)

# သူ

စင်စစ်အားဖြင့် "သူ" ကို ရေးသားသော ရွှေလင်းယုန်သည်
ဝတ္ထုရေးဆရာအနေထက် သတင်းစာဆရာအဖြစ် ထင်ရှားသူဖြစ်၏။
သို့စေကာမူ "သူ"ဝတ္ထုကို ပရိသတ် တသသဖြစ်ခြင်းဖြင့်
ရွှေလင်းယုန် ဟူသော ဝတ္ထုစာရေးဆရာ၏အမည်သည်
သတင်းစာဆရာ ဂျာနယ်ကျော်ဦးချစ်မောင်အမည်နှင့်အတူ
ထင်ရှားကျော်ကြားလာခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။

စာပေနှင့်စာနယ်ဇင်းဉာဏ္ဍ ဦးစိုးညွန့်၏ အမှာမှ ...

mgyoe.com

K0307

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# သူ

ဂျာနယ်ကျော်ဦးချစ်မောင်
(ရွှေလင်းယုန်)

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmall.com

http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ၁၉၄၁ ခုနှစ်၊ ဂျာနယ်ကျော်ပုံနှိပ်တိုက်။

ဒုတိယအကြိမ် - ၁၉၄၁ ခုနှစ်၊ ဂျာနယ်ကျော်ပုံနှိပ်တိုက်။

တတိယအကြိမ် - ၁၉၆၀ ခုနှစ်၊ သီဟရတနာ ပုံနှိပ်တိုက်။

စတုတ္ထအကြိမ် - ၁၉၆၀ ခုနှစ်၊ သီဟရတနာ ပုံနှိပ်တိုက်။

ပဉ္စမအကြိမ် - ၁၉၇၅ ခုနှစ်၊ သီဟရတနာ ပုံနှိပ်တိုက်။

ဆဋ္ဌမအကြိမ် - ၁၉၉၃ ခုနှစ်၊ သတင်းနှင့် စာနယ်ဇင်း။

သတ္တမအကြိမ် - ၂၀၀၂ ခုနှစ်၊ သီဟရတနာစာပေ။

အဋ္ဌမအကြိမ် - ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

ပုံနှိပ်သူ - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
- အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - မျိုးမြင့်

တန်ဖိုး - ၇၈၀၀

mgyoe.com

mgyoe.com SAMPLE BOOK

## ရွှေလင်းယုန်၏ စာပေအနုပညာစွမ်းရည်

(ဆဋ္ဌမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းမှ)

၁

ကျွန်တော်တို့သည် ငယ်စဉ် ကလေးဘဝ၌ အပျော်ဖတ် ဝတ္ထုများကို နှစ်ခြိုက်စွာ ရှာဖွေ ဖတ်ရှုကြရာ အချစ်အကြိုက် အမုန်း အပျော်ဖတ် ဝတ္ထုများ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများနယ်ပယ်တွင် မွေ့ပျော်ခဲ့ရသည်။

စာဖတ်သက် ရင့်လာသောအခါ ဦးတည်ချက်ကောင်းသော ဘဝသရုပ်ဖော် ဝတ္ထုကြီးများကို နှစ်သက်စွာ လေ့လာ ဖတ်ရှုကြရပြန်သည်။ ဦးတည်ချက်ကောင်းသော ဘဝသရုပ်ဖော် ဝတ္ထုကြီးများကား ခေတ်တိုင်းပင် ရေးဖွဲ့ကြသူ မများပြားသည့် အဖြစ်ကို ကြုံကြရကြောင်း စာပေလေ့လာ ဝေဖန်သုံးသပ်သူများက ပြောဆိုလာကြသည်။

ကျွန်တော်တို့၏ စာရေးဆရာကြီးများသည် ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီး ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေး ကောင်စီခေတ်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရခေတ် ဟူသော ခေတ်အသီးသီးတို့တွင် ဝတ္ထုကြီးအများအပြားကို ရေးဖွဲ့ခဲ့ကြပါပြီ။ ဝတ္ထုကောင်းများကား မည်သည့် ခေတ်၌မဆို ထင်ရှားစွာ ရပ်တည်လျက် ဂန္ထဝင် စာကောင်းပေကောင်းအဖြစ်

mgyoe.com

ကျန်ရစ်ခဲ့ကြသည်။ သူ့ခေတ်အလိုက် စာပေပညာရှင် စာရေးဆရာကြီးများလည်း ပေါ်ထွက်ခဲ့ပါသည်။

ထိုသို့သော ဂန္ထဝင် စာကောင်းပေကောင်း ဝတ္ထုကြီးများသည် ကျွန်တော်တို့ တိုင်းပြည်၊ ကျွန်တော်တို့ လူမျိုး၊ ကျွန်တော်တို့ စာပေအတွက် တန်ဖိုး မဖြတ်နိုင်သော ယဉ်ကျေးမှု စာပေအမွေအနှစ် ရတနာများ ဖြစ်ကြပါသည်။ နိုင်ငံတကာတွင်လည်း သူ့လူမျိုးနှင့် သူ့စာပေရှိကြရာ သူတို့ယဉ်ကျေးမှုအတွက် များစွာ ထိန်းသိမ်း စောင့်ရှောက်ကြကြောင်း တွေ့မြင်နေကြရပါသည်။ သူတို့၏ စာကောင်းများကို နိုင်ငံတကာ အလယ်တွင် ရှေ့တန်းတင်၍ အဆင့်အတန်း မြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်ကြပါသည်။

ကျွန်တော်တို့သည် မျက်မှောက်ကာလတွင် မြန်မာဝတ္ထုကောင်းများ ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းအားထုတ်ကြရာတွင် စံပြုလောက်သော မြန်မာ့ပင်ကိုရေး ဝတ္ထုကြီးများကိုလည်း ပြန်လည် ထုတ်ဝေရန် စဉ်းစားကြပါသည်။ မြန်မာစာရေးဆရာကြီးများသည် ပင်ကိုရေး ဝတ္ထုကြီးများကို ကြိုးစား၍ ရေးသား အားထုတ်ကြကြောင်းကို မြန်မာ ဝတ္ထုရှည်ကြီးများ လောကတွင် တွေ့မြင်ခဲ့ပါသည်။

ထိုစာရေးဆရာကြီးများအနက် ဂျာနယ်ကျော် ဦးချစ်မောင် ကလောင်အမည် ရွှေလင်းယုန်သည် တစ်ယောက် အပါအဝင် ဖြစ်ပါသည်။ စာရေးဆရာကြီး ရွှေလင်းယုန်၏ 'သူ' ဝတ္ထုကို စံပြုလောက်သော ဝတ္ထုကြီးအဖြစ် ကျွန်တော်တို့ ပြေးမြင်မိကြပါသည်။

တက္ကသိုလ် ဝင်းမွန်က မြန်မာဝတ္ထုရှည်စာတမ်း တင်ခဲ့ရာတွင် မြန်မာဝတ္ထုရှည်သမိုင်းစာတမ်း၌ ရွှေလင်းယုန်၏ လက်ရာများကို ဤသို့ ရှုမြင်သုံးသပ်ခဲ့ပါသည်။

'ရွှေလင်းယုန် (ဂျာနယ်ကျော် ဦးချစ်မောင်) (၁၉၁၃-၁၉၄၅) သည် ဟုတ်ပါ့မလား (၁၉၃၄)၊ အိမ်ကြီးမာယာ (၁၉၃၄) အပျော်ဖတ် ဝတ္ထုတို့ကို ရေးဖွဲ့ရာမှ ဦးတည်ချက် စေတနာပါသော အဆင့်အတန်းရှိသည့် ဝတ္ထုကို ရေးဖွဲ့လာခြင်း ဖြစ်သည်။ 'သူ' တွင် စိတ်နေသဘောထား မွန်မြတ် လှသော ဆရာဝန် ကိုမြင့်မောင်၏ လေးစားချီးကျူးဖွယ် ကောင်းသော ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်၊ ပရဟိတစိတ်ဓာတ်နှင့် အမူအကျင့်တို့ကို တသသစွဲမက်အောင် ရေးဖွဲ့ထားသည်။'

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော်တို့သည် ရွှေလင်းယုန်၏ 'သူ'ဝတ္ထုကြီးမှ ဇာတ်ကောင်ဖြစ်သော ဆရာဝန် ကိုမြင့်မောင်ကိုဖတ်ရင်း စာရေးဆရာကြီး ရွှေလင်းယုန်၏ စာပေနိုင်နင်း ကျွမ်းကျင်မှုကို တွေ့မြင်ကြရသည်။ ဆရာဝန် ကိုမြင့်မောင်ကို စာဖတ်သူတို့သည် ကြင်နာသနားလျက် စုတ်တသပ်သပ် ဖြစ်လာမိအောင် ဖန်တီးနိုင်သည့် ကလောင်စွမ်းအားမှာ ကြီးမားလှပါပေသည်ဟု ချီးကျူးပြောဆိုကြရသည်အထိ အောင်မြင်သော ဝတ္ထုကြီးအဖြစ် မြန်မာစာပေလောကတွင် ရပ်တည်လျက် ရှိနေသည်။

စာရေးဆရာကြီး ရွှေလင်းယုန်သည် ထူးခြားသော စာပေပညာရှင်တစ်ဦးဖြစ်ပြီး သူ၏ စိတ်နေစိတ်ထား အယူအဆ အတွေးအခေါ်တို့သည် လူသားတို့အား သူတစ်ပါးအတွက် အနစ်နာခံသောစိတ်၊ သူတစ်ပါး၏ အကျိုးစီးပွားကို သယ်ပိုးလိုသောစိတ်၊ မိမိ ကိုယ်ကျိုးကိုစွန့်၍ စိတ်ကောင်းစိတ်မြတ်ထားသော စိတ်တို့ဖြင့် လွှမ်းခြုံ စိုးမိုးလျက်ရှိကြောင်း သတိပြုမိသည်။ ဤစိတ်ဓာတ်တို့ ရှိနေခြင်းကြောင့်ပင်လျှင် သူ၏ ဝတ္ထုကြီးများ၌ ဖြူစင်သော စေတနာတရားတို့ကို ထိန်လင်းစွာ တွေ့မြင်ကြရပါသည်။

ယခု တင်ပြ လိုက်သော 'သူ' ဝတ္ထုကြီးသည် စာဖတ်ကြသူတို့အဖို့ တစ်ကြိမ်ဖတ်လျှင်ပင် တစ်သက်လုံး မမေ့နိုင်အောင် ကရုဏာရသမြောက်လှပြီး လက်ရာ ကောင်းမွန် လှကြောင်း မျှဝေခံစားနိုင်ကြရန် ပြောပြလိုက်ပါသည်။

ယနေ့ လူငယ်စာရေးဆရာများ အနေဖြင့်လည်း တိုင်းပြည်အတွက် လူမျိုးအတွက် ဦးတည်ချက် ကောင်းကောင်းဖြင့် စာရေးကြရာတွင် ဤရွှေလင်းယုန်၏ 'သူ' ဝတ္ထုကြီး သည် နမူနာအဖြစ် ဖတ်ရှု လေ့လာသင့်ပါကြောင်း မေတ္တာတရားဖြင့် ပြောကြားလိုက်ပါသည်။

၂

စာရေးဆရာမလိခက ဂျာနယ်ကျော် ဦးချစ်မောင် စာရေးဆရာကြီး ရွှေလင်းယုန်၏ 'သူ' ဝတ္ထုကြီးနှင့် ပတ်သက်၍ မြန်မာဝတ္ထုအညွှန်း အတွဲ-၂ တွင် 'သူ ဝတ္ထုနှင့် ဝတ္ထုရေးသူ' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။ သူ၏ ပြုစုတင်ပြချက်ကို အပြည့်အစုံ ဖော်ပြရန် လိုသည်ဟု ယူဆသဖြင့် ထုပ်ႏုတ် ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ဝတ္ထုနှင့် ဝတ္ထုရေးသူ -

ပရိသတ်အကြိုက် ဝတ္ထုအဖြစ် အထူးထင်ရှားခဲ့ပြီး ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဝတ္ထုပါ ဇာတ်ဆောင် ကိုမြင့်မောင်သည် စာဖတ်ပရိသတ်၏ အသည်းစွဲ တမ်းတမ်းတတ ဖြစ်ခဲ့ရသူ အဖြစ်လည်း ထင်ရှားခဲ့လေသည်။

စာရေးဆရာသည် ဤသို့လျှင် ပရိသတ် တသသဖြစ်စေအောင် 'သူ' ကို ဖန်ဆင်းခဲ့သည်ဟု ဆိုရပေမည်။ 'သူ' ဝတ္ထု၏ အဓိက ဇာတ်ဆောင် ကိုမြင့်မောင်သည် စာရေးဆရာ စံထားလိုသော လူတစ်ယောက် ဖြစ်ပေမည်ဟု မှန်းဆရသည်။ ဇာတ်ရံအဖြစ်ထားသော မခင်လှလို လူမျိုးက ကိုမြင့်မောင်အား ဘုရားအလောင်းအဖြစ်ပင် သတ်မှတ်ခဲ့၏။ မှန်သည်။ ကိုမြင့်မောင်ကို စာရေးဆရာက ဘုရားအလောင်းလောက်နီးနီး ခန္တိပါရမီ ရင့်ကျက်သူအဖြစ် ဖော်ပြထား၏။ ကိုမြင့်မောင်ကား ခန္တိပါရမီသာ ရင့်ကျက်သူ မဟုတ်ပေ၊ စိတ်ကောင်း စေတနာကောင်း ရှိရာတွင်လည်း သူမတူ လူမျိုး ဖြစ်လေသည်။ ထို့ကြောင့် မျက်မှောက် လူ့လောကတွင် ရှိနိုင်ခဲသော ဇာတ်ဆောင်မျိုး၊ စာရေးဆရာ၏ စိတ်ကူး မျှော်မှန်းချက်ဖြင့် စံပြုထားသောလူမျိုး ဖြစ်သည်ဟု ယူဆရပေသည်။

ထို စံပြုထားသော ကိုမြင့်မောင်ကို ဇာတ်ဆောင်ပြု၍ ရေးဖွဲ့ရာ၌ စာရေးဆရာသည် စာရိတ္တရေးနှင့် လူမှုရေးဆိုင်ရာ မွန်မြတ်သော ဦးတည်ချက်များကို ရေးရှုထားလေသည်။ အထူးသဖြင့် ဆရာဝန်တို့၏ ကျင့်ဝတ်ကို ဖော်ပြထား၏။ လူတန်းစားအရ ငွေရှင်ကြေးရှင်တို့၏ ဖောက်ပြန်မှုကို ပြထားသည်။ စိတ်ရင်း စေတနာကောင်းသူတို့၌ အခိုက်အတန့်အားဖြင့် ဒုက္ခ ခံနေရစေကာမူ သူ့တွင် စေတနာ အကျိုးပေးနိုင်ကြောင်းဖြင့် နိဂုံးသတ်လေသည်။

ကိုမြင့်မောင်နှင့် အပြိုင် ရှေ့တန်းတင်ထား၍ ဖော်ပြခြင်း ခံရသော ဇာတ်ဆောင်များကား အမျိုးသမီး ဇာတ်ဆောင်များ ဖြစ်သည့် အကြော့၊ မခင်လှ၊ လှဲ့လှဲ့၊ နုတို့ ဖြစ်သည်။ ဤလေးဦးတွင် အကြော့သည် မခင်လှ၊ လှဲ့လှဲ့၊ နုတို့နှင့်စာလျှင် ပျော့ညံ့သည်ဟု ဆိုရပေမည်။ လှဲ့လှဲ့နှင့် နုတို့မှာ ပြတ်သားလွန်း၏။ အကြော့နှင့် လှဲ့လှဲ့၊ နုတို့သည် တစ်ဖက်စွန်းစီသဖွယ် ရှိ၏။

ဇာတ်လမ်း ပုံသဏ္ဌာန်မှာ စာရေးဆရာ၏ ပုံစံချရေးဖွဲ့သော ဇာတ်လမ်းမျိုးဖြစ်သည်။ စာရေးဆရာသည် မခင်လှကို သော့ချက်ထားကာ ဇာတ်လမ်းကို

mgyoe.com

mgyoe.com

SAMPLE BOOK


ပုံစံချသည်။ ကိုမြင့်မောင်က မပြောရဆိုသော စကားကို မျိုသိပ်ထားသည်ဟု ဆိုရမည်။ (ပုံစံ။ သုံးဆယ်၌ ကိုမြင့်မောင်အကြောင်းကို လူသိမပေးဘဲ ထားခြင်း) သို့သော် တစ်ဖက်တွင်မူ မခင်လှသည် ကိုမြင့်မောင် အကြောင်းကို အကြော့အား ပြောပြခြင်းဖြင့် ဇာတ်လမ်းကို ပို၍ နာစေသည်။ အကြော့၏ စိတ်ဝေဒနာကို ကြီးမားစေ၏။ ကိုမြင့်မောင်ကလည်း သူ့အကြောင်း လျှို့ဝှက်ထားခြင်းဖြင့် ဇာတ်လမ်းသည် ပို၍ အရှုပ်အထွေး ဖြစ်လာ၏။ ကိုမြင့်မောင် အရှက်ကွဲချိန်၊ ကိုသက်ထွန်းနှင့် အကြော့တို့ သုံးဆယ် ရောက်လာချိန်၊ တိုက်ဆိုင်မှု၊ ကိုမြင့်မောင် သူ့အဖြစ်ကို နုအား ပြောပြမည် ဆုံးဖြတ်ချိန်၊ နုထံသို့ လှဲ့လှဲ့ရောက်လာချိန် တိုက်ဆိုင်မှု၊ နုက လှဲ့လှဲ့အား ကိုမြင့်မောင်အကြောင်း ရုတ်တရက် မပြောဘဲ ထားခြင်း၊ ကိုမြင့်မောင် ဒဏ်ရာဖြင့် သာယာဝတီဆေးရုံ အရောက် ကိုထွန်းဝေတို့ ပြည်မှ အပြောင်းတိုက်ဆိုင်မှု၊ အကြော့ ရုတ်တရက် ရောက်လာပုံ၊ မခင်လှ ရုတ်တရက် ကွယ်လွန်ပုံ တိုက်ဆိုင်မှုများသည် စာရေးဆရာ၏ ကွက်တိ အံဝင်ပုံစံချ ဇာတ်အိမ်ဖွဲ့ခြင်းများပင် ဖြစ်သည်။

စင်စစ်အားဖြင့် 'သူ' ကို ရေးသားသော 'ရွှေလင်းယုန်' သည် ဝတ္ထုရေးဆရာအနေထက် သတင်းစာဆရာအဖြစ် ထင်ရှားသူ ဖြစ်၏။ သို့စေကာမူ 'သူ' ဝတ္ထုကို ပရိသတ် တသသဖြစ်ခြင်းဖြင့် 'ရွှေလင်းယုန်' ဟူသော ဝတ္ထုစာရေးဆရာ၏ အမည်သည် သတင်းစာဆရာ ဂျာနယ်ကျော် ဦးချစ်မောင် အမည်နှင့်အတူ ထင်ရှားကျော်ကြားလာခဲ့သည်ဟု ဆိုရပေမည်။

စာရေးဆရာသည် 'သူ' ကို မူလက မြန်မာ့အလင်း သတင်းစာတွင် အခန်းဆက် ဝတ္ထုအဖြစ် ရေးခဲ့သည်။ ၁၉၃၈ ခုနှစ်လောက်တွင် ကိုမြင့်မောင် သုံးဆယ်မှ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ထွက်ခွာသွားရသည်အထိ ဖြစ်သော ဇာတ်လမ်းကို 'သူ' ဝတ္ထု ပထမအုပ်အဖြစ် ထုတ်ဝေခဲ့၏။ ကျန်ဇာတ်လမ်းကို ၁၉၄၀ ပြည့်နှစ်လောက်တွင် ဆက်လက် ရေးသားကာ 'သူ' ဒုတိယတွဲအဖြစ် ထုတ်ဝေခဲ့၏။ ထိုနှစ်တွဲကိုပင် စစ်ပြီးစအချိန်က မူလနှစ်တွဲအတိုင်း နှစ်တွဲခွဲ၍ ထုတ်ဝေခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်လောက် တွင်မူ သူ ဝတ္ထုနှစ်တွဲကို တစ်တွဲတည်းပေါင်း၍ တတိယအကြိမ် ထုတ်ဝေခဲ့၏။ ရုပ်ရှင်အဖြစ်လည်း ရိုက်ကူးပြသခဲ့၏။

'သူ' ဝတ္ထုရေးသူ ရွှေလင်းယုန်၏ အမည်မှာ ဦးချစ်မောင် ဖြစ်သည်။

mgyoe.com

mgyoe.com

၁၉၁၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၇၄၊ ပြာသိုလဆန်း ၁၃ ရက်နေ့)တွင် အုတ်ဖိုမြို့၌ ဖွားသည်။ အဖ ဦးမြ၊ အမိ ဒေါ်စောယု ဖြစ်သည်။ ငယ်စဉ်က လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ထိုကျောင်းမှ ဆယ်တန်းစာမေးပွဲ အောင်မြင်သည်။ ထို့နောက် ထိုကျောင်း၌ပင် ကျောင်းဆရာ လုပ်သည်။

ထို့နောက် ရန်ကုန်သို့ရောက်ပြီး နော်ရထာ သတင်းစာတိုက်တွင် စတင် ဝင်ရောက်လုပ်ကိုင်သည်။ ထို့နောက် ဈေးနှုန်း သတင်းစာတိုက်နှင့် မြန်မာ့အလင်း သတင်းစာတိုက်တို့တွင် ဝင်ရောက်လုပ်ကိုင်သည်။

၁၉၃၀ ပြည့်နှစ် လောက်မှစ၍ မျိုးချစ်သတင်းစာဆရာ၊ စာရေးဆရာ တစ်ယောက်အဖြစ် ထင်ရှားလာသည်။ ၁၉၃၉ ခုနှစ်တွင် မြန်မာ့အလင်း အယ်ဒီတာအဖြစ်မှ နုတ်ထွက်သည်။

ထိုအခါမှစ၍ ဂျာနယ်ကျော်အမည်ဖြင့် ဂျာနယ်တစ်စောင်ကို ကိုယ်တိုင် ဦးစီးထုတ်ဝေသည်။ ဂျာနယ်ကျော်ဦးချစ်မောင်အဖြစ် ထင်ရှားလာလေသည်။

ဂျပန်တော်လှန်ရေးကာလတွင် တော်လှန်ရေးလုပ်ငန်းများ၌ ပါဝင် လုပ်ကိုင်သည်။ ဗြိတိသျှစစ်တပ်များ ဝင်လာသောအခါ အဖမ်းခံရသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလဖဟိုဦးစီးအဖွဲ့တွင် ပါဝင်ကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည်။ စာရေးဆရာအသင်းဥက္ကဋ္ဌ အဖြစ်လည်း ဆောင်ရွက်၏။

ထိုသို့ နိုင်ငံရေး၊ စာပေရေးတို့ကို ဆောင်ရွက်စဉ် ၁၉၄၅ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

ဂျာနယ်ကျော်ဦးချစ်မောင်သည် သတင်းဆောင်းပါးများ၊ ခေါင်းကြီး များအပြင် 'ရှာရှာဖွေဖွေ'၊ 'ကမ္ဘာကြီး ပျက်စီးလုနီးပြီလော' စသည့် နိုင်ငံရေး ကျမ်းများနှင့် 'အိမ်ကြီးမာယာ၊ ညမဖတ်ရ၊ မှိုင်းမှုံမှုံ' စသော ဝတ္ထုများကိုလည်း ရေးသားခဲ့၏။ ဂျာနယ်ကျော်ဦးချစ်မောင် အမည်ဖြင့် နေ့စဉ်မှတ်တမ်း စာစောင် လည်း ရေးသား ထုတ်ဝေခဲ့ဖူးသည်။

ဇနီးဖြစ်သူ ဂျာနယ်ကျော် မမလေး၏ 'သူလိုလူ' သည် ဂျာနယ်ကျော် ဦးချစ်မောင်၏ ဘဝဖြစ်စဉ် တစ်စိတ် တစ်ဒေသကို ဖော်ပြသော အတ္ထုပ္ပတ္တိ စာအုပ် ဖြစ်၏။

mgyoe.com

mgyoe.com

## ၃

ဂျာနယ်ကျော် ဦးချစ်မောင် (ရွှေလင်းယုန်)၏ 'သူ' ဝတ္ထုကြီးသည် မြန်မာ ဇာတ်ပရိသတ်နှင့် ဝေးကွာကင်းကွာနေသည်မှာ အတော်ကြာသွားပြီ ဖြစ်ပါသည်။ 'သူ' ဝတ္ထုကြီးကို ဖတ်ခဲ့ဖူးကြသူတို့အတွက် ပြန်လည် ဖတ်ရှု စားမြုံ့ ပြန်နိုင်ရန်အတွက် လည်းကောင်း၊ မဖတ်ရသေးသော ပရိသတ်အတွက် စာကောင်းပေမွန် လက်ရာကောင်းတစ်ခု ခံစားကြစေလိုရန်အတွက် လည်းကောင်း၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့က စာပေ စေတနာတရားဖြင့် ပြန်လည် ရိုက်နှိပ်၍ ထုတ်ဝေလိုက်ပါသည်။

**ဦးစိုးညွန့်**
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာပေနှင့်စာနယ်ဇင်းအဖွဲ့

[၁၉၉၃ခုနှစ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်၏ ရွှေလင်းယုန်၏ စာပေ အနုပညာစွမ်းရည်ကို ပြန်လည် ဖော်ပြအပ်ပါသည်။]

❐

mgyoe.com

mgyoe.com SAMPLE BOOK

၁

## နှစ်ယောက်သောသူ

ဤကဲ့သို့ ညနေတိုင်းပင် နှစ်ယောက်အတူတကွ လာရောက်လည်ပတ် စကားစမြည် ပြောဆိုပြီးလျှင် နှစ်ယောက်အတူပင် ပြန်၍ သွားကြသော အခါတိုင်း အခါတိုင်း အကြော့တွင် ဆုံးဖြတ်ဖို့ရန် ခဲယဉ်းသည်ထက် ခဲယဉ်း၍ လာသည်ကို တွေ့ရလေ၏။

ပထမက တစ်ဦးဦးကို ရွေးချယ်ရန်မှာ လွန်စွာ ခဲယဉ်းမည်မဟုတ်။ မိမိ ချစ်ခင်နှစ်သက်၍ မိမိ ပေါင်းသင်းနိုင်မည့် သူကိုသာ ရွေးချယ်ရန် ရှိသည်ဟု ထင်မှတ်မိသော်လည်း ယခုကဲ့သို့ နှစ်ယောက်သား အတူလာရောက်၍ စကားစမြည် ပြောဆိုပြီးလျှင် အတူပင် ပြန်၍ သွားကြသော အခါများ၌ကား နှစ်ဦးစလုံးပင် လူကောင်း လူမွန် လူရည်ချွန်ချည်း ဖြစ်သဖြင့် မိမိအား မယားမှတ်မှတ် သားမှတ်မှတ်ဖြင့် အမြတ်တနိုး ချစ်ခင်ယုယ စောင့်ရှောက်ကြမည် ဖြစ်သည်ဟု စိတ်ချယုံကြည်ရသည့်အလျောက် မည်သူ့အား ကြိုက်နှစ်သက်ရမည်ကို ဝေခွဲ၍ မရနိုင်အောင် ရှိနေလေသည်။

တစ်ခါ တစ်ခါ၌လည်း အကယ်၍ မိမိ၏ ဖခင်ကြီးကသာ မကွယ်လွန်မီကလေးတွင် ဤသူနှစ်ဦးအနက် မည်သူ မည်ဝါနှင့် ပေါင်းရစ်

mgyoe.com

ဟု တပ်အပ်သေချာ မိန့်မှာသွားခဲ့ပါလျှင်ကား မိမိတွင် ယခု ကြုံနေရသော အခက်နှင့် တွေ့ဖွယ် မရှိ။ ဖခင်ကြီး မိန့်မှာသွားသောသူနှင့်ပင် ပေါင်းသင်းရန် ပြင်ဆင်ဖို့သာ ရှိမည်ဟု တွေးမိလျက် "ဖေဖေ…ဖေဖေ၊ ဖေဖေ့သမီးကို အခုလို ပုံအပ်ခဲ့မယ့်အစား ဖေဖေပဲ တစ်ခါတည်း ပြတ်ပြတ်သားသား ပြောသွားပါတော့" ဟု ပြစ်တင်သလိုလို ပြောဆို တောင့်တမိလေ၏။

သို့သော် ဤအိမ်ကြီးပေါ်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို ပြန်လှန် စဉ်းစားလိုက်သောအခါ မိမိ၏ ဖခင်ကြီးကို အပြစ်မတင်နိုင်ဘဲ မိမိ၏ အပေါ်တွင် အဘယ်မျှလောက် ကြီးမားသော မေတ္တာဖြင့် စောင့်ရှောက် မွေးမြူခဲ့သည်ကိုသာ တရေးယောင်ယောင် ထင်မြင်မိပြီးလျှင် ကျေးဇူးတင်သည် ထက်တင်ကာ ယခုသော် ထိုကျေးဇူးတို့ကို ကျေပွန်စွာ မဆပ်နိုင်တော့ပြီ ဖြစ်သောကြောင့် ရင်ထဲတွင် ဆို့၍ ဆို့၍သာ နေခဲ့လေ၏။

မိမိ၏ မိခင် ကွယ်လွန်ခဲ့သည်မှာ လွန်ခဲ့သည့် ၁၇ နှစ်ခန့်က ဖြစ်လေ၏။ ထိုအချိန်ကစ၍ မိမိ ၂၂ နှစ်အတွင်းသို့ ဝင်ရောက်လာသည့် တိုင်အောင် မိမိ ဖခင်ကြီးသည် မိမိအား ကောင်းစွာ စောင့်ရှောက်မွေးမြူ လာခဲ့၏။ ၄င်းအား အိမ်ထောင်သစ်ထူရန် ကြိမ်ဖန်များစွာ ရောက်လေရာ အရပ်၌ ထိုမှ ဤမှ လာရောက် ပြောဆိုကြသော်လည်း သမီး၏စိတ်တွင် အနှောင့်အယှက်ရှိမည် စိုးသောကြောင့် တင်းမာစွာ ငြင်းပယ်ခဲ့ပြီးလျှင် တစ်ဦးတည်းသော နှမအား ခေါ်ယူလျက် မောင်နှမနှစ်ယောက် စောင့်ရှောက် လာခဲ့သဖြင့် မိမိမှာ အေးချမ်းသာယာစွာ နေခဲ့ရ၏။

လွန်ခဲ့သော တစ်လလောက်ကမူ မိမိ၏ ဖခင်ကြီးသည် လဲပြိုသွားခဲ့၏။ စီးပွားရေးနှင့် စပ်လျဉ်း၍ တစ်သက်တွင် ပူပင်ကြောင့်ကြ မရှိရအောင် အစစ အရာရာ စီမံသွားရုံမျှမက သမီးမှာ အချိန်အရွယ် ရောက်လာပြီ ဖြစ်သည့်အတိုင်း အိမ်ထောင်ပြုလိုက သမီးနှစ်သက်ရာ တစ်ယောက်ယောက်ကို စိတ်ချလက်ချ ရွေးချယ်ပေါင်းသင်းနိုင်ရန် ဤသူ နှစ်ဦးအား အိမ်သို့ ဝင်စေ ထွက်စေ အကျွမ်း တဝင် ဖြစ်စေခဲ့၏။ ၄င်းမရှိသည့်နောက်တွင် မိမိကြိုက်ရာ တစ်ဦးဦး ရွေးချယ်၍ ၄၅ ရက်အတွင်းမှာပင် နေရာချထားလိုက်ရန် နှမဖြစ်သူအား လည်းကောင်း၊ မိမိအား လည်းကောင်း သေချာစွာ မှာထားခဲ့ပေ၏။

ထိုသူ နှစ်ဦးကိုလည်း မိမိအား ကောင်းစွာ စောင့်ရှောက်ရန် အတန်တန် မှာခဲ့လေပြီ။ တစ်ဦးက အဆွေအဖြစ်ဖြင့် စောင့်ရှောက်လျက်

mgyoe.com

mgyoe.com

တစ်ဦးက ခင်ပွန်းအဖြစ်ဖြင့် ထိန်းသိမ်းရမည် ဖြစ်ရာ မည်သူက အဆွေ၊ မည်သူက ခင်ပွန်းဟု မိမိကိုယ်တိုင် ရွေးချယ်ရမည် ဖြစ်လေ၏။

ရွေးချယ်ရမည့် အချိန်သည်လည်း တဖြည်းဖြည်း နီးကပ်သည်ထက် နီးကပ်၍ လာခဲ့လေပြီ။

၎င်းတို့ နှစ်ဦးစလုံးပင် မိမိဖခင်နှင့် အလုပ်တူ လုပ်ကြသောကြောင့်လည်း ရွေးချယ်ရန် သာ၍ပင် ခက်၍ နေလေ၏။ ကိုသက်ထွန်းမှာ မိမိဖခင်ကဲ့သို့ပင် အမှုထမ်း ဆရာဝန်ဖြစ်၍ ယခုလည်း အစိုးရ ဆေးရုံတွင် ဆရာဝန် အဖြစ်ဖြင့် လုပ်ကိုင်နေသူ ဖြစ်ပေ၏။ ကိုမြင့်မောင်ကား ၎င်းဘာသာ ဆေးတိုက်ကလေးတစ်ခု ဖွင့်လျက် အေးချမ်းစွာ နေထိုင်သူ ဖြစ်ရာ ပညာအရည်အချင်းမှာလည်း တူမျှနေသည့်အတွက် သာ၍ပင် အဆုံးဖြတ်ရ ခက်နေခြင်း ဖြစ်လေ၏။

ကိုသက်ထွန်းမှာ အသားဖြူ၏။ လူချောတစ်ယောက် ဖြစ်၏။ စကားများစွာ ပြောတတ်သော်လည်း အခြားသော သူတို့ကဲ့သို့ ကြားရသူ ငြီးငွေ့ ပျင်းရိသွားခြင်း မဖြစ်စေဘဲ ၎င်း၏ မျက်နှာကို ကြည့်၍ ၎င်း၏ စကားကို နားတစွင့်စွင့်နှင့် ထောင်နေရလောက်အောင် စကားပြောကောင်းသူ ဖြစ်လေ၏။ ကိုမြင့်မောင်မှာကား အသားမဖြူ၊ အသားညိုပင် ဖြစ်၏။ ကိုသက်ထွန်း စကားအပြောသန်သလောက် ကိုမြင့်မောင်ကား စကားနည်းလျက် ခပ်မှန်မှန်ပင် နေသူ ဖြစ်လေ၏။

ကိုသက်ထွန်း စကားများခြင်းကို မည်သူကမျှ အပြစ်မဆိုကြသည့်နည်းအတူ မိမိလည်း အပြစ်မယူနိုင်။ စင်စစ်သော်ကား ကိုသက်ထွန်း စကားပြောသည်ကိုကြားရလျှင် မိမိမှာ အခြားသော သူများနည်းတူ တိုး၍သာ ကြားချင်လျက် ၎င်း၏ လက်ပာန် ခြေဟန်တို့ကို မြင်ရရာ၌လည်း တိုး၍ပင် နှစ်ခြိုက်ခြင်း ဖြစ်ရလေ၏။ တစ်ဖန် ကိုမြင့်မောင် စကားနည်းခြင်းသည်လည်း တစ်မျိုးပင် လေးစားဖွယ်ရာ ဖြစ်နေပြန်သောကြောင့် ဤသူ နှစ်ဦးတွင် မည်သူ့အား ရွေးရပါမည်ကို မိမိ ဖခင်ကြီး သတ်မှတ်ပေးခဲ့သောရက် နီးကပ်၍ လာလေလေ ဝေခွဲ၍ မရနိုင်လေလေ ဖြစ်နေလေ၏။

တစ်ခါ တစ်ခါ၌လည်း အဒေါ်ဖြစ်သူအား ရွေးချယ်ပေးစေရန် ပြောဆိုမည် ကြံမိ၏။ သို့သော် မိမိ ဖခင်ကြီးကပင် ၎င်းကိုယ်တိုင် မရွေးချယ်ဘဲ မိမိနှစ်သက်ရာကိုသာ မိမိသဘောအလျောက် ရွေးချယ်နိုင်ရန် စီမံထားခဲ့သည်

mgyoe.com

mgyoe.com

SAMPLE BOOK


ဖြစ်လျက် မိမိက အဒေါ်ဖြစ်သူအား ရွေးချယ်စေရမည်ဆိုသော် မသင့်လျော်သောကြောင့် အဒေါ်ဖြစ်သူအား တစ်စုံတစ်ရာ မပြောဘဲ မိမိ တစ်ကိုယ်တည်းသာ အချိန်ရှိသရွေ့ စဉ်းစားနေမိလေ၏။

လက်ချိုး၍ တွက်လိုက်သောအခါ ၁၅ ရက်မျှသာ ကျန်ရှိတော့သည်ကို တွေ့ရသဖြင့် သာ၍ပင် ဝေခွဲမရနိုင်ရှိကာ သက်ပြင်းချခြင်းဖြင့်သာ တစ်မိုးချုပ်၍ တစ်နေ့ထွက်ခဲ့လေ၏။

"အကြော့ ဘယ်တုံး၊ ဘယ်သွားမလို့တုံး"

"အကြော့ မြို့ထဲကို ခဏသွားလိုက်ဦးမယ် ဒေါ်လေး၊ ခဏလေးပါ၊ မခင်လှတို့ဆီကို မရောက်တာ ကြာလို့"

"အို… သူဆို့ဆီသွားလို့ ဖြစ်ပါ့မလား၊ သူ့ညီမလေး မနေ့ကပဲ လည်ပင်းမှာ အကျိတ်ထွက်ပြီး အလူးအလဲ ခံနေရတယ်တဲ့၊ အကြော့ သွားလို့ ဖြစ်မယ် မထင်ဘူး၊ မြို့ထဲမှာလည်း တစ်လောင်းပြီး တစ်လောင်း ဆွဲချနေရတယ်တဲ့၊ ဒေါ်လေး မနက်က ဈေးက အပြန်မှာတောင် သုံးလေးလောင်း ဆွဲချသွားတာ တွေ့ခဲ့သေးတယ်။ ဒီနှစ် ပလိပ်ဟာ အဆိုးဆုံးပဲလို့ ညကပဲ မောင်သက်ထွန်း ပြောသွားသေးတယ် မဟုတ်လား၊ ပြီး အကြော့မှာလည်း ဆေးထိုးရသေးတာ မဟုတ်ဘူး"

"အို… အကြော့ ကိုသက်ထွန်းဆီ ဝင်ပြီး ဆေးထိုးသွားနိုင်သားပဲ၊ ကိစ္စ မရှိပါဘူး ဒေါ်လေးရယ် ခဏပဲဟာ"

သို့ဖြင့် မော်တော်ကား စီးနင်းကာ မြို့တွင်းသို့ လာခဲ့လေရာ လမ်းတွင် ဒေါ်လေးဖြစ်သူ ပြောလိုက်သကဲ့သို့ပင် တစ်လောင်းပြီး တစ်လောင်း ဆွဲချလျက်၊ ငိုသံ ဟစ်သံတို့ဖြင့် ကျွက်ကျွက်ညံနေသည်ကို တွေ့ရသောကြောင့် ရုတ်တရက်သော် လာခဲ့မိခြင်းပင် မှားလေပြီဟု အောက်မေ့ကာ ကားကို လှည့်ခိုင်း၍ ပြန်တော့မည်ပင် ကြံမိလေ၏။ သို့သော် လာမိပြီလည်း တစ်ကြောင်း၊ ကိုသက်ထွန်းထံသို့ ဝင်ရောက်၍ ဆေးထိုးသွားရလျှင်လည်း တစ်ခါတည်း တာဝန်ငြိမ်းသွားမည် တစ်ကြောင်းကြောင့် ဆေးရုံဆီသို့ ဆက်လက် မောင်းနှင်စေလေ၏။

ဆေးရုံတွင်ကား ကိုသက်ထွန်းမှာ လက်မလည်ရအောင်ပင် ဆေးထိုးပေး၍ နေရသည်ကို တွေ့ရလေ၏။ ဆေးထိုးပြီးနောက် ထွက်လာသူတို့

mgyoe.com

mgyoe.com

SAMPLE BOOK


ထွက်လာပြီ ဖြစ်သော်လည်း ဆေးထိုးရန် မျက်နှာငယ်ငယ်နှင့် စောင့်နေသူတို့မှာ လွန်စွာ များလှသောကြောင့် ကားပေါ်သို့ ပြန်၍တက်ကာ မခင်လှတို့အိမ်ဆီ သွားတော့ မည်ဟု လှည့်လိုက်လျှင်ပင် ကိုသက်ထွန်း၏ အကြည့်လိုက်နှင့် တွေ့ဆုံသွား သောကြောင့် "ဟာ အကြော့ ဘာဖြစ်လို့ ဒီကို လာရသလဲ" ဟု ပြောပြော ဆိုဆို လူထုကြီးကို တိုး၍ မိမိထံ အမြန်လာ၍ နေသည်ကို တွေ့မြင်ရသည်နှင့် အကြော့လည်း အနည်းငယ် ပြုံးကာ ကြည့်နေမိလေ၏။

"အကြော့ ညက ကိုသက်ထွန်း သတိပေးခဲ့ရက်သားနဲ့ ဘာကြောင့် ထွက်လာရတာတုံး၊ ဆေးလည်း ထိုးရသေးတာ မဟုတ်ဘဲနဲ့"

"အို - အကြော့အတွက် ကိစ္စမရှိပါဘူး၊ ဟိုမှာလူတွေ ကိုသက်ထွန်း သူတို့ကို ပစ်ထားခဲ့တာနဲ့ ကြည့်နေကြတယ်၊ သွားပါ၊ ဟိုမှာ ထိုးပေးလိုက် ပါဦး"

သို့ ဆိုသည့်တိုင်အောင် ကိုသက်ထွန်းမှာ အကြော့အပါးမှ မခွာသေးဘဲ အလွန် စိုးရိမ်သော အမူအရာဖြင့် -

"ဟာ သူတို့က အရေးမကြီးလှပါဘူး၊ အကြော့ တစ်ခါတည်း ထိုးသွားပါလား၊ လာ ... လာ"

ဟု ဆိုကာ ၎င်း၏ ဆေးခန်းဆီသို့ ခေါ်နေသည့်အတွက် -

"နေပါစေ ကိုသက်ထွန်း၊ အကြော့ နောက်မှ တစ်ခေါက် ပြန်လာပါဦးမယ်၊ ရောဂါက သိပ်ဆိုးနေသလား"

"ဆိုးဆို နာရီဝက် တစ်လောင်းလောက် ချနေရတာပဲ"

"နို့ ကိုသက်ထွန်း အကူမခေါ်ဘူးလား၊ ညကလည်း တစ်ညလုံး ဆေးထိုးပေးနေရတယ်ဆို"

"ဟုတ်တယ် အကူတွေက ခုထက်ထိ မလာသေးဘူး၊ ညနေများ ရောက်မလားပဲ"

"ဒါဖြင့် ကိုသက်ထွန်း ညနေ မလာနိုင်ဘူးပေါ့"

"ဟာ ဘာနေမလဲ၊ ကိုသက်ထွန်း ကြံဖန် လာခဲ့မှာပေါ့"

"ဒါဖြင့် အကြော့ သွားဦးမယ်၊ အကြော့လည်း ညနေကျမှပဲ အိမ်မှာ ဆေးထိုးတော့မယ်"

"ဒါဖြင့် မြို့ထဲမှာ ကြာကြာ မနေနဲ့နော်"

"အကြော့ အခုပဲ ပြန်မှာပဲ၊ သွားမယ်နော်"

mgyoe.com

mgyoe.com SAMPLE BOOK 

ဟု ဆိုကာ ကားပေါ်သို့ လျင်မြန်စွာတက်၍ ကားထွက်သွားသည်တွင်မှ ကိုသက်ထွန်းလည်း သတိရကာ ဆေးထိုးရန် စောင့်နေသူများဘက်သို့ လှည့်လာခဲ့လေ၏။

အကြော့သည် မခင်လှတို့အိမ်ဆီသို့ ပထမ သွားမည်ကြံပြီးမှ ကိုမြင့်မောင် မိမိတို့ဆီသို့ မလာရောက်သည်မှာ သုံးရက်ရှိပြီ ဖြစ်၍ ၎င်း၏ဆေးတိုက်သို့ ခေတ္တ ဝင်ရောက် မေးမြန်းဦးမည်ဟု အကြံရကာ ကိုမြင့်မောင်၏ဆေးတိုက်သို့ သွားလေရာ ဆေးတိုက်တွင် သူငယ်ကလေးတစ်ယောက်သာလျှင် ထိုင်၍ နေသည်ကို တွေ့ရသောကြောင့် -

"ကိုမြင့်မောင် မရှိဘူးလား"

"ဆရာ ရှိပါတယ်၊ အိပ်နေတယ်"

"ဘယ့်နှယ် ဒီအချိန်ကြီး အိပ်နေရတာလဲ၊ နေမကောင်းလို့များလား"

"မဟုတ်ပါဘူး၊ နေအကောင်းသားပဲ"

"အိပ်တာ တော်တော် ကြာပလား"

"မနက် ကတည်းကပဲ"

အကြော့တွင်ကား 'သြော်...' ဟုသာ ဆိုနိုင်လျက် ကားပေါ်သို့ တက်ကာ မခင်လှတို့ အိမ်ဘက်သို့ မောင်းနှင်စေရလေ၏။ တစ်လမ်းလုံးတွင်လည်း ကိုမြင့်မောင်သည် တစ်မြို့လုံး ပျက်လုမတတ် ရောဂါနှင့်ရကပ်ကြီးဆိုက်ရောက်နေချိန်တွင်မှ ဤကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်၍ နေနိုင်လှချေ၏ တကားဟု များစွာ ယူကျုံးမရဖြစ်လျက် ကိုသက်ထွန်းနှင့် ကွာခြားပုံကိုအလိုလို နှိုင်းယှဉ်မိကာ စိတ်ထဲတွင်လည်း ဝမ်းနည်းသလိုလို ဖြစ်လာလေ၏။

မိမိ၏ စိတ်တွင် ယခင်က ကိုမြင့်မောင်သည် စကားနည်းသလောက် လုံ့လဝီရိယ ကြီးသည်ဟု ထင်မှတ်နေခဲ့ရာ ယခုသော် ကိုမြင့်မောင်သည် နံနက်ခင်းကြီးကပင် စတင်လျက် အိပ်နေသည်မှာ ဘယ်အချိန်တွင်မှ နိုးမည်နည်း။ မိမိ ၎င်းအပေါ်တွင် အထင်ကြီးခဲ့မိလေခြင်းဟု တွေးတောကာ မိတ်ဆွေတစ်ဦးကို ရုတ်တရက် ဆုံးရှုံးသွားရသကဲ့သို့ စိတ်ထဲတွင် ဟာတာတာဖြစ်၍ နေမိလေ၏။

မခင်လှတို့ အိမ်သို့ ရောက်သောအခါတွင်ကား အိမ်ကြီးမှာ တံခါးပိတ်လျက် လူခြေတိတ်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ အိမ်နီးချင်း

mgyoe.com

mgyoe.com

ပါးချင်းတို့ကို မေးမြန်းသောအခါ မခင်လှ၏ ညီမကလေး မကြင်ခ ညက ၃ နာရီအချိန်ခန့်တွင် ဆုံးသွား၍ ၄င်းတို့လည်း ဘယ်ဆီကိုမသိ ပြောင်းသွားကြပြီဟု ပြောလိုက်သောကြောင့် နဂိုက ကိုမြင့်မောင်အတွက် စိတ်မကောင်းဖြစ်လာရသည့်အတွင်း ယခု ဤသတင်းကို ကြားရသောအခါ သာ၍ပင် စိတ်၌ ချောက်ချားလျက် ကားပေါ်သို့ အပြေးတက်ကာ အိမ်ဘက်သို့ မောင်းနှင်လာခဲ့လေ၏။

"ဘယ့်နှယ်လဲ အကြော့၊ မျက်နှာတွေ ဘာတွေလည်း မကောင်းပါလား၊ ဘာဖြစ်လာသလဲ"

ဟု ဒေါ်လေးဖြစ်သူက ပျာပျာသလဲ မေးသည်ကိုပင် ရုတ်တရက် မဖြေနိုင်ဘဲ ကိုမြင့်မောင်အပေါ်၌ အထင်ကြီးလာခဲ့သမျှ ယခု စိတ်မကောင်းဖွယ်ရာ ချို့ယွင်းချက်ကြီး တစ်ခုကို တွေ့မြင်ရခြင်း၊ မိမိအား 'မမကြော့... မမကြော့' ဟုခေါ်ကာ အတင်း ပိုက်ဆံတောင်းတတ်လျက် မရမချင်းလည်း အတင်း လူပေါ် ဖက်တက်ကာ ကန္တဲ့ကလျ ပြောတတ်သော မကြင်ခကလေး ရုတ်တရက် သေဆုံးသွားခြင်း၊ မခင်လှတို့ ဘယ်ပြောင်းသွားသည် မသိခြင်းတို့ကြောင့် မျက်ရည်ကလေးများပင် လည်၍ လာလေ၏။

"ပြောပါဦး အကြော့ရဲ့၊ ညည်း ဆေးထိုးလာလို့လား"

"မဟုတ်ဘူး ဒေါ်လေး၊ မကြင်ခကလေး ဆုံးပြီ"

"ဟယ်... ဟုတ်လား"

အကြော့မှာ ပါးစပ်မှ ပြန်၍ မပြောနိုင်။ ခေါင်းကို ညိတ်သည် ဆိုရုံမျှ ညိတ်လျက် အိမ်ပေါ်သို့ နေးကန်သော ခြေလှမ်းများဖြင့်တက်၍ လာခဲ့လေ၏။ စိတ်ထဲ၌လည်း အတိုင်းမသိ လေးလံလျက်ရှိရာ မကြင်ခကလေး ရုတ်တရက် သေဆုံး၍ မခင်လှတို့ မပြောမဆို တိမ်းရှောင်သွားကြခြင်းတို့အတွက် ဝမ်းနည်းရသည်ထက် မိမိစိတ်တွင် အထင်အမြင် ကြီးခဲ့သော ကိုမြင့်မောင် ရံဖန်ရံခါ မိမိ၏ကိုယ်ကို အပ်နှင်းမည်ဟု စိတ်ကူးခဲ့မိသော ကိုမြင့်မောင် မိမိ ဖခင်ကြီးက အံထူးနှစ်သက် ချီးမွမ်းခဲ့သော ကိုမြင့်မောင်၏ နေနိုင်ခြင်း၊ မြို့ကြီးပျက်လုမတတ် ကျွက်ကျွက်ညံ၍ နေစဉ် ကိုယ့်၌ အစွမ်းရှိသလောက် လူနာတို့အား ကုစားဖို့ဖြစ်သော ဤအချိန်ကြီးတွင် ပျော်ပျော်ကြီး အိပ်နေရက်နိုင်ခြင်းအတွက် များစွာ စိတ်မချမ်းမသာ ဖြစ်ရခြင်းက ပိုမို၍ ပြင်းပြသည်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK 

အိပ်ရာပေါ်သို့ ရောက်သောအခါတွင်ကား ဆေးရုံ၌ အလုပ်များလျက်ရှိသော ကိုသက်ထွန်းကို မြင်ယောင်လျက် ကိုသက်ထွန်း အလုပ်များနေပုံကို မြင်ယောင်သည့်အကြားမှပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော ကိုမြင့်မောင်၏ ပုံကို ထင်ယောင်လာသည့်အတွက် ဤနှစ်ဦးအနက် တစ်ဦးဦးကို ရွေးချယ်ရန် တာဝန်မှာ ၁၀ ရက်မျှသာ ကျန်တော့သည်ကို သတိရကာ ဤမျှလောက် ချစ်ခင်ရင်းနှီးလာကြပြီးမှ ကိုမြင့်မောင်အား စာရင်းမှ ပယ်ထုတ်ပစ်ရတော့မည်လောဟု တွေးတောရင်း စိတ်မောနေမိလေ၏။

အကယ်၍ ဤနေ့သာလျှင် ကိုသက်ထွန်းနှင့် ကိုမြင့်မောင် ဤနှစ်ဦးအနက် တစ်ဦးဦးကို ရွေးချယ်ရန် နောက်ဆုံးနေ့ ဖြစ်ပါမူကား ကိုသက်ထွန်းသည် မုချအရေးသာမည် ဖြစ်လေ၏။ အကြောင်းမှာ ဆရာဝန်ကြီး တစ်ဦး၏ သမီးဖြစ်၍ အလွန် သနားကြင်နာတတ်ရာ အလောင်းများကို တစ်လောင်းပြီး တစ်လောင်း ဆွဲချ၍ နေရသည့် အခါကြီးတွင် ကိုမြင့်မောင် ပျော်ပျော်ကြီး အိပ်စက်နေနိုင်ခြင်းကို များစွာ စက်ဆုပ်ခြင်း ဖြစ်မိသည်မှာ အမှန်ပင် ဖြစ်လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၂

## ဤတစ်ယောက်

ညနေဘက်သို့ ရောက်သောအခါတွင်ကား ကိုသက်ထွန်း ပေါ်၍ လာလေ၏။ အခါတိုင်း၌မူ ကိုမြင့်မောင်လည်း ကိုသက်ထွန်းနှင့်အတူ လူချင်းယှဉ်၍ လိုက်ပါလာတတ်၏။ ယခုသော်ကား ထိုသို့ မလာရောက်သည်မှာ ယနေ့ပါနှင့် လေးရက်ပင် ရှိခဲ့လေပြီ။ အဘယ်ကြောင့် မလာရောက်နိုင်သည်ကို အကြောင်းကြားသင့်ပါလျက် အကြောင်းကြားခြင်းလည်း မရှိ။ သို့ဖြစ်သည့်အတွက် စိတ်ပူပင်၍ နေ့လယ်ဘက်က ၄င်း၏ ဆေးတိုက်သို့ သွားရောက်ပြန်ပါသော်လည်း အိပ်၍ နေသည် ဆိုသောကြောင့် ပြန်၍ လှည့်လာခဲ့ရပြီဖြစ်ရာ ယခု လာနေကျ မလာသည်ကို တွေ့ရပြန်သည့်အခါ သာ၍ပင် စိတ်မကောင်း ဖြစ်ရလေ၏။

"အကြော့ မျက်နှာ မကောင်းပါလား၊ ဘာဖြစ်သလဲ"

ဟု ကိုသက်ထွန်းက အလွန်ကြောင့်ကြစွာ မေးမြန်းလျက် ရှိနေသည့်တိုင်အောင် ရုတ်တရက် ဖြေဆိုခြင်း မပြုနိုင်။ ဒေါ်လေးဖြစ်သူက ကြားက ဝင်၍ -

"သူ့အသက်ဘူးကလေး ကြင်ခ ပလိပ်ထဲ ပါသွားလို့တဲ့ မောင်ရယ်၊ တစ်နေ့ခင်းလုံး အိပ်ရာထဲ ဝင်အိပ်နေတာပဲ၊ အဒေါ်လည်း ပြောလို့ မရဘူး"

ဟု ပြောလိုက်မှ-

mgyoe.com

"အကြော့ ရုတ်တရက်တော့ စိတ်မကောင်း ဖြစ်သွားတယ်၊ မကြင်ခ ကလေး တစ်နေ့ကပဲ အကြော့ကို သီချင်းဆိုပြသေးတယ်။ ဒီနေ့ သွားတော့ ဆုံးရှာပြီလို့သာ ကြားခဲ့ရတယ်၊ တစ်ယောက်မှ မတွေ့ရတော့ဘူး၊ မခင်လှ တို့လည်း ဘယ်ပြောင်းသွားမှန်း မသိဘူး" ဟု ရောနှော၍ ပြောလိုက်ရလေ၏။

"ဘယ် မကြင်ခလဲ၊ အကြော့ ကိုသက်ထွန်းကို တစ်ခါက ဒီမှာတွေ့လို့ ဦးလေး··· ဦးလေး ကြင်ကြင်ကို မချစ်ဘူးလားလို့မေးတဲ့ ကလေးမလေး ဟာလား"

"ဟုတ်တယ် ကိုသက်ထွန်း၊ ဟုတ်တယ်၊ သူပဲ အခုတော့ ဆုံးရှာပြီ"

"နေပါဦး၊ ဆုံးတာ ဘယ်တုန်းကလဲ"

"ညကတဲ့"

"ဘယ်အချိန်မှာလဲ"

"ည သုံးနာရီလောက်လို့ ပြောတာပဲ"

ကိုသက်ထွန်းကလည်း 'ဩော်-အင်း' ဟူ၍သာ ပြောပြီးနောက် တစ်စုံတစ်ခုကို စဉ်းစားသည့်ဟန်ဖြင့် ငြိမ်သက်စွာ ထိုင်နေလေ၏။ အကြော့ မှာလည်း အကြော့၏ စိတ်ကူးနှင့် တွေးတောလျက်ရှိရာ အတန်ငယ် ကြာမှ

"အနို့··· ကိုသက်ထွန်းပြောတဲ့ အကူဆရာဝန်တွေ ရောက်လာကြ ပလား"

"မရောက်သေးဘူး အကြော့ရာ၊ သိပ်ခက်တာပဲ၊ အခြားနယ်တွေ မှာလည်း ရောဂါ သောင်းကျန်းနေတယ်၊ ဒါကြောင့် ဒီမှာ ရှိသမျှ အားနဲ့ပဲ တွန်းလှန်ပါတော့လို့ ညနေကပဲ သံကြိုးရတယ်"

"ဒါဖြင့် ကိုသက်ထွန်း သိပ်ပင်ပန်းနေဦးမှာပေါ့"

"ဟုတ်တယ် ပင်ပန်းမှာ"

"ကြည့်လည်း လုပ်နော်၊ သိပ်လည်း အိပ်ပျက်မခံနဲ့ဦး"

"တစ်ယောက်တည်းဆိုတော့ မနိုင်နိုင်အောင် ဖြစ်နေတာပဲ၊ အကူရ ပြန်လည်း တစ်ယောက်၊ နှစ်ယောက်တည်းမို့ မပြောပလောက်ဘူး၊ ကဲ ··· အကြော့၊ ကိုသက်ဇွန်း ဆေးထိုးပေးခဲ့မယ် အကာအကွယ်ပေါ့" ဟုဆိုကာ ဆေးထိုးရန် ပြင်ဆင်နေသည့်အတွက် အကြော့လည်း လက်ကလေးကို အသာ

mgyoe.com

mgyoe.com SAMPLE BOOK

ထိုးပေးလိုက်ကာ ကိုသက်ထွန်းအား ချီးမွမ်းသော မျက်လုံးများဖြင့် ကြည့်နေမိလေ၏။

ကိုသက်ထွန်းမှာ အလုပ်ပင်ပန်း၍ အအိပ်အနေပျက်သည်ဟု ဆိုစေကာမူ မျက်စိ မျက်နှာတို့မှာ ယခင်ကကဲ့သို့ပင် ပြည့်လျက် ရှိသည်ကို တွေ့ရ၍ အသားအရေ အလွန်ကောင်းသူ ဖြစ်ပါတကားဟု တွေးတောမိပြီးလျှင် ဤကဲ့သို့သော သူတစ်ဦးအား မိမိကိုယ်ကို အပ်နှင်းရလျှင် မှားယွင်းခြင်း မရှိတန်ရာဟု ထင်မိသည့် အားလျော်စွာ၊ ဆေးထိုးပြီးသည့်တိုင်အောင် မိမိ၏ လက်ကလေးကို ပြန်လည်ရုပ်သိမ်းရန် သတိမရ။ ကိုသက်ထွန်း ကိုင်တွယ်၍ ထားခြင်းကို အလိုလို လိုက်လျောမိလျက်သား ဖြစ်နေသည်ကို တွေ့ရလေ၏။

အတန်ကြာသောအခါ -

"အကြော့"

ဟူ၍ မိမိ၏ နားနားမှကပ်ပြီး ခေါ်နေသံကို ကြားရလေ၏။ အသံမှာ မကျယ်သော်လည်း အကြော့တွင်ကား ရင်ထဲ၌ တဒိတ်ဒိတ်နှင့် ရှိနေလေ၏။

"အကြော့ ... အကြော့"

ဟူ၍ အသံမှာ တိုးသည်ထက် တိုး၍ နီးသည်ထက် နီးလာသည့်တိုင်အောင် အကြော့တွင် ပြန်၍ မထူးနိုင်။ ကိုသက်ထွန်း၏ အသံသည်သာ တဖြည်းဖြည်း တိုးသည်ထက် တိုး၍ နီးသည်ထက် နီးလာပြီးလျှင် ခဏမျှ ကြာသောအခါ မိမိ၏ ပါးပြင်တွင် အခြားပါးပြင်တစ်ခု ယှဉ်ကပ်၍ လာသည်ကို တွေ့ရလေ၏။

"အကြော့၊ ကိုသက်ထွန်း မျှော်လင့်ချက် ရှိသေးသလား၊ ပြောပါဦး အကြော့ရယ်" ဟု ကြားရမှ ရုတ်တရက် ဖခင်ကြီး မှာကြားသွားသည့် စကားကို သတိရကာ လက်ကိုရုပ်ပြီးလျှင် လူချင်းလည်း အတန်ငယ်ခွာကာ-

"အို... ကိုသက်ထွန်း၊ အကြော့ အခု မပြောနိုင်သေးဘူး၊ ဖေဖေ့ စကားရှိတာကို ကိုသက်ထွန်း အသိသားပဲ"

"ဦးစကား ရှိတာတော့ ဟုတ်ပါတယ် အကြော့ရာ၊ ဒါပေမဲ့ ကိုသက်ထွန်း နေလို့ မဖြစ်တော့ဘူး၊ ကိုသက်ထွန်း အကြော့ကိုမှ မရရင် မနေနိုင်တော့ဘူး၊ ကိုသက်ထွန်း ကြားပါရစေတော့ အကြော့ရယ်၊ အကြော့ တစ်ယောက်တည်း အရေးကြီးပါတယ်၊ အကြော့ ပြီးတယ်ဆိုရင် ပြီးတာပဲ၊

mgyoe.com

mgyoe.com SAMPLE BOOK 

ကိုသက်ထွန်း စိတ်အေးရုံလောက် ဖြစ်ဖြစ် ပြောလိုက်ပါ အကြော့ရယ်။ ကိုသက်ထွန်း မျှော်လင့်ရဦးမှာလား ဆိုတာ''

''ကိုသက်ထွန်း၊ အကြော့ အင်မတန် ပြောချင်ပါတယ်၊ ဒါပေမဲ့ ဖေဖေက ကျပ်ကျပ်တည်းတည်း ပြောသွားတဲ့ စကားကိုလည်း စဉ်းစားပါဦး၊ အကြော့အဖြေကို လေးဆယ့်ငါးရက်စေ့ရောက်မှ ပြောပါရစေ၊ အခု ဘာလိုတော့ သလဲ၊ ဆယ်ရက်ပဲ ကျန်ပါတော့တယ်''

''ဟုတ်ပါတယ် အကြော့ရာ၊ ဆယ်ရက်လောက်ပဲ ကျန်တော့လို့ ကိုသက်ထွန်းလည်း မေးတာပေါ့၊ အခုလည်း ဘာလိုတော့သလဲ၊ အကြော့ ပြီးရင် ပြီးနိုင်ပါတယ်၊ ဘယ့်နှယ်လဲ အကြော့ရယ်၊ ကိုသက်ထွန်း တစ်သက်လုံး ပျော်ရမှာဖြင့်လည်း အခုကတည်းက သိပါရစေလား''

ထိုသို့ အတန်တန် တောင်းပန်နေသည့် အခါတွင် အကြော့မှာ မငြင်းပယ်ချင်အောင် အားနာလာလေ၏။ သို့သော် မိမိ၏ ဖခင်ကြီးက ၄၅ ရက် စေ့ရောက်သောနေ့တွင် ကိုသက်ထွန်းနှင့် ကိုမြင့်မောင်တို့ နှစ်ယောက် စလုံးကို အိမ်သို့ခေါ်၍ မိမိမူကား အိမ်ထဲ၌ပင် နေပြီးလျှင် ၎င်းတို့ ရှိရာသို့ အဖြေပါသော စာအိတ်နှစ်လုံးကို ဒေါ်လေးအား အပို့ခိုင်းရမည်။ ၄၅ ရက် မစေ့ရောက်မီအတွင်း အကယ်၍ မိမိ စိတ်ထဲ၌ မည်သူက အဆွေ၊ မည်သူက ခင်ပွန်းဟု ပိုင်းဖြတ်မိသည့်တိုင်အောင် ထိုသို့ ပိုင်းဖြတ်ထားရှိခြင်းကို မထင် မရှား မပေါ်လွင်စေရ၊ ကိုသက်ထွန်းနှင့် ကိုမြင့်မောင်တို့ကလည်း အတူဝင်၍ အတူထွက်ရမည်။ တစ်ဦးမျက်ကွယ်တွင် တစ်ဦးက အကြော့အား ကိုယ့်ဘက်သို့ တိမ်းညွတ်အောင် ဆွဲဆောင်ခြင်း အလျှင်း မရှိစေရ။ ထိုသို့ တစ်ဦးဦးက စည်းကမ်း ကျူးလွန်ဖောက်ဖျက်သည့်တိုင်အောင် အကြော့က အားပေးခြင်း မပြုရ။ ဤ စည်းကမ်းသတ်မှတ်ချက်ကို သတိပေးရမည်ဟု ကျပ်တည်းစွာ မိမိတို့ သုံးဦးသားအပြင် ဒေါ်လေးကိုပါ ခေါ်ငင်၍ တင်းကျပ်စွာ မှာကြားထား ခဲ့သည်များကို ပြန်လည် ကြားယောင်လျက် ရှိသောကြောင့် မိမိ၏ အဖြေကို ယခုအချိန် ယခုအခိုက်အတန့်၌ ပေးလိုသည့်တိုင်အောင် မပေးနိုင်ဘဲ ရှိ၍-

''ဒါတော့ သည်းခံစေချင်ပါတယ် ကိုသက်ထွန်းရယ်၊ ဖေဖေ့စကား ကိုတော့ အကြော့ မဖျက်ချင်ဘူး၊ အကြော့ ဖေဖေ့စကားကို ဖျက်ရတဲ့ အခြေ အနေကိုလည်း မရောက်ပါရစေနဲ့၊ အကြော့ တောင်းပန်ပါတယ်''

mgyoe.com

ဟု အလွန်ဝမ်းနည်းသော အမူအရာဖြင့် တောင်းပန်လေ၏။

ဤတွင် အကြော့ကား မိမိအား မည်သည့်နည်းနှင့်မျှ ပြောတော့မည် မဟုတ်ဟု သိရှိရ၍ ကိုသက်ထွန်းလည်း -

"ကောင်းပါပြီ အကြော့ရာ၊ ကိုသက်ထွန်း စောင့်ပါ့မယ်၊ ကိုသက်ထွန်း မေးမိတာကို အကြော့ စိတ်ဆိုးလား"

"အို... အကြော့ စိတ်မဆိုးပါဘူး၊ ဘာဖြစ်လို့ ကိုသက်ထွန်းကို စိတ်ဆိုးရမှာလဲ"

"ဒါဖြင့် ဝမ်းသာပါပြီ အကြော့ရာ၊ ကဲ...ကဲ ကိုသက်ထွန်း ပြန်လိုက်ဦးမယ်နော်၊ ဟုတ်လား"

ဟု ပြောဆိုကာ နေရာမှထ၍ ပြန်သွားသောကြောင့် အကြော့တွင် မျက်စိတစ်ဆုံး လိုက်၍ကြည့်ကာ သက်ပြင်းကလေးပင် ချမိလေ၏။

အိပ်ခန်းတွင်းသို့ ရောက်သည့်အခါတွင်မူကား မိမိ၏ ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်၍ လှဲလိုက်ပြီးလျှင် ကိုသက်ထွန်း မိမိ၏ လက်ကို ကြာမြင့်စွာ ကိုင်တွယ်၍ ထားပုံ၊ ထို့နောက် ပါးချင်းအပ်၍ မေးပုံတို့ကို အဖန်ဖန် အကြိမ်ကြိမ် ပြန်လည်ထင်ယောင်မိလျက် ကိုသက်ထွန်းအား မိမိ၏ အဖြေကို တစ်ခါတည်း မပြောကြားလိုက်နိုင်သည့်အတွက် များစွာ စိတ်မကောင်းခြင်း ဖြစ်မိလေ၏။

ယခင်က ဤသူ နှစ်ဦးတွင် မည်သူ့ကို အကြင်ခင်ပွန်းအဖြစ်ဖြင့် ရွေးချယ်ရပါမည်နည်းဟု အကျပ်ကြီး ကြုံကြိုက်လျက် ရှိခဲ့သော်လည်း ယနေ့တွင်မှ မိမိရှေ့တွင် အဖြေ ဘွားခနဲ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ ကိုသက်ထွန်းက 'စိတ်ဆိုးသလား' ဟု မေး၍ မိမိက 'မဆိုးပါဘူး'၊ 'ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ' ဟု ဖြေခဲ့ရာတွင် မိမိ စိတ်မဆိုးခြင်းမှာ အမှန်ပင် ဖြစ်ခဲ့လေ၏။ ဖခင်ကြီး၏ ဘျပ်တည်းသော စည်းကမ်းချက်ကြောင့်သာလျှင် ရုတ်တရက် အဖြေ မပေးနိုင်ဘဲ ရှိရသဖြင့် လည်း ဝမ်းနည်းမိလေ၏။

တစ်ဖန် ကိုသက်ထွန်းအား မိမိ အဖြေကို တင်ကြိုပေးထားခဲ့လျှင် ကိုမြင့်မောင်အပေါ်တွင် ကတိပျက်ကွက်ရာကျမည် ဖြစ်သည်ကို စဉ်းစားမိကာ နောက်ဆုံး အဖြေပေးရမည့်ရက်လည်း ယနေ့အဖို့ နုတ်လိုက်လျှင် ကိုးရက်မျှသာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျန်ရှိသောကြောင့် ကိုသက်ထွန်းအတွက် ဝမ်းနည်းမိခြင်းမှ အတန်ငယ် သက်သာရာ ရသကဲ့သို့ ရှိလေ၏။

နောက်တစ်နေ့ နံနက် အိပ်ရာမှ ထသောအခါ အနည်းငယ် ကိုယ်ပူသလိုလို ဖြစ်နေသည်ကို တွေ့ရ၍ ညက ဆေးထိုးထားသော အရှိန် ကြောင့်ပင် ဖြစ်မည်ဟု တွေးတောပြီးလျှင် ခြံကြီးထဲသို့ ခါတိုင်းနည်းတူ ဆင်းလာခဲ့လေ၏။ ခြံကြီးထဲတွင် ခေါက်တုံ့ ခေါက်ပြန် အတန်ငယ် လျှောက်မိသော အခါတွင်ကား မျက်လုံးများလည်း ပူလာလျက် ကိုယ်ပူလည်း တိုး၍လာသောကြောင့် အိမ်ပေါ်သို့တက်ကာ ဒေါ်လေးအား အကျိုးအကြောင်း ပြောပြလေ၏။

"ဟယ်… ဒါဖြင့် မောင်မြင့်မောင်ဖြစ်ဖြစ်၊ မောင်သက်ထွန်းဖြစ်ဖြစ် ခေါ်ခိုင်းဦးမှပဲ၊ အေးနေလို့ မဖြစ်ဘူး"

ဟု ဆိုကာ မော်တော်ကားမောင်းသူကို ခေါ်၍ နေသောကြောင့် အကြော့လည်း -

"အကြော့ ဘာမှ မဖြစ်ပါဘူး ဒေါ်လေးရဲ့၊ နေပါစေ"

"ဟယ်… မဟုတ်တာပဲ၊ သူတို့ကို အကြောင်းကြားဦးမှပေါ့၊ နေမကောင်းဘူးဆိုတာ"

"ဒီအချိန် ကိုသက်ထွန်း အားမယ်မထင်ဘူး ဒေါ်လေးရဲ့၊ အကြော့တော့ တယ်ပြီး မခေါ်စေချင်ဘူး"

"ဒါဖြင့် မောင်မြင့်မောင် အရှိသားပဲ၊ သူ့ အခေါ်ခိုင်းပေါ့"

ဟု ပြောပြောဆိုဆို ကားသမားကို အခေါ်ခိုင်းလိုက်သဖြင့် အကြော့ လည်း အသာပင် ငြိမ်၍ နေလိုက်ရလေ၏။

ညက အကြောင်းကို ပြန်၍ တွေးလိုက်သည့်အခါ ကိုမြင့်မောင်အား မျက်နှာပြရန် ခဲယဉ်းသကဲ့သို့ ရှိလေ၏။ အကယ်၍ ညက အကြောင်းကို ကိုမြင့်မောင် သိသွားလျှင် မိမိအား အပြစ်တင်လိမ့်မည်၊ ရှုတ်ချလိမ့်မည်ဟု တွေးတောကာ ပူပန်နေမိပြီးမှ 'ဟယ်… သူ ဘယ်က လာသိမတုံး၊ မြို့ကြီး တစ်ခုလုံး ပျက်လုမတတ် ဖြစ်နေတာတောင် မသိဘဲ အိပ်ပျော်နေသေးတဲ့ လူတစ်ယောက်ပဲ' ဟု မိမိကိုယ်မိမိ အဖြေပေးနေလေ၏။

ခဏမျှ ကြာသောအခါ မော်တော်ကား ပြန်ဝင်လာသံကို ကြားရလေ၏။

mgyoe.com

mgyoe.com


ထို့နောက် မော်တော်ကား ထွက်သွားသံကို ကြားရပြန်သဖြင့် မည်သို့ ဖြစ်ပါလိမ့်မည်နည်းဟု တွေးတော ကြံဆနေစဉ်မှာပင် ဒေါ်လေးဝင်ရောက်လာကာ-

''မောင်မြင့်မောင် တစ်ယောက်လည်း မရှိဘူးတဲ့၊ အခုလိုပဲ ထွက်သွားတာ လေးရက်လောက် ရှိပြီဆိုပဲ၊ သူ ဒါကြောင့် ဒီကို မလာတာကိုး၊ ညညလည်း ပြန်မအိပ်ဘူးတဲ့၊ ကဲ... မောင်သက်ထွန်းပဲ အခေါ်ခိုင်းလိုက်ပြီ၊ အကြော့ ဘယ့်နှယ် နေသေးသလဲ... မှန်း''

ဟု ဆိုကာ အသားများကို စမ်းကြည့်ပြီးနောက် -

''အင်း... ကိုယ်တော့ အတော်ပူတာပဲ'' ဟု ပြောလေ၏။

''ဒါက ညက ဆေးထိုးထားတဲ့ အရှိန်ကြောင့်ကိုး ဒေါ်လေးရဲ့၊ အကြော့ ဘာမှ မဖြစ်ပါဘူး''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ မောင်သက်ထွန်း လာတော့ သေသေချာချာ မေးကြည့်ရဦးမယ်၊ နေဦး၊ ရေနွေး လိုလိုမည်မည် ကျိုထားလိုက်ဦးမှ''

ဟု ပြောပြောဆိုဆို ထွက်သွားသောကြောင့် အကြော့လည်း ကိုမြင့်မောင်အကြောင်းကို ဆက်လက် စဉ်းစား၍ နေမိလေ၏။

ကိုမြင့်မောင်သည် ယခင်ကဲ့သို့ ဤအိမ်သို့ မလာမရောက်သည်မှာ လေးရက်မျှ ရှိခဲ့လေပြီ။ ဆေးတိုက်မှ ထွက်၍ သွားနေသည်မှာ လေးရက် ရှိပြီဟု ဆိုသောစကားနှင့် ဆက်စပ်၍ ကြည့်ရှုလျှင် ထိုလေးရက်အတွင်း၌ ကိုမြင့်မောင်တွင် ဆေးတိုက်ကို ပယ်၍ ထားရလောက်အောင် အရေးကြီးသော ကိစ္စ ရှိနေကောင်း ရှိနေလိမ့်မည်။ ညညတွင် ပြန်၍ မအိပ်ဟု ဆိုခြင်းမှာ အဘယ်သဘောနည်း။ ထိုကဲ့သို့ ညည ပြန်၍ မအိပ်ဆိုခြင်းသည် ကိုမြင့်မောင် ကဲ့သို့သော သူတစ်ယောက် အဖို့ရာ၌ ထူးဆန်းသောစကား ဖြစ်သော်လည်း ယမန်နေ့ နေ့ခင်းက မိမိ သွားသည့်အခါ နံနက်ခင်းပင် အိပ်၍နေကြောင်း ပြောပြလိုက်သည်ကို ထောက်လျှင် ဧကန္တ ညညတွင် တစ်စုံတစ်ခုသော အကြောင်း ဖြစ်ပေါ်လျက် ရှိရမည်ဟု တထစ်ချ ယုံကြည်မိလေ၏။ အကယ်၍ ယခင်ကသာ ယခုကဲ့သို့ မလာမရောက်ဘဲ ထူးဆန်းစွာ ပျက်ကွက်လျက် ရှိပါက မိမိ စုံစမ်းမေးမြန်းမည် ဖြစ်သော်လည်း ယခုသော် မိမိ၏ စိတ်တွင် မည်သူက ခင်ပွန်း၊ မည်သူက အဆွေဟု ဝေခွဲ၍ရပြီ ဟူ၍ ဆိုရလောက်အောင် ရှိပြီဖြစ်သောကြောင့် မေးမြန်း စုံစမ်းနေ၍လည်း ထူးတော့မည် မဟုတ်။ မိမိကို မလာမရောက်နိုင်ကြောင်း အကြောင်း မကြားနိုင်စေကာမူ အနည်းဆုံး

mgyoe.com

mgyoe.com  SAMPLE BOOK 

ကိုသက်ထွန်းကို အကြောင်းကြားဖို့ သင့်ပါလျက် ကိုသက်ထွန်းကိုက ၎င်း၏ အကြောင်း တစ်စုံတစ်ရာ ပြောပြခြင်း မရှိသည်ကို ထောက်လျှင် ကိုသက်ထွန်း လည်း အလျှင်း မသိကြောင်း ထင်ရှားနေသည်ဟု အကြော့စိတ်တွင် ထင်မြင် လေ၏။

ထိုအကြောင်းများကို စဉ်းစားရင်းပင် ကိုယ်လည်း ပူသည်ထက် ပူကာ ရင်ထဲ၌လည်း အလွန် ပူလောင်လျက် လာသည်ကို တွေ့ရ၍ ဒေါ်လေးထံ ရေတောင်းရင်း ရင်ပူကြောင်း ပြောပြသည့်အခါ မိမိအသံကိုပင် မိမိအသံ မဟုတ်၊ အခြားသူတစ်ယောက် ခပ်လှမ်းလှမ်းမှ ပြော၍ နေဘိသကဲ့သို့ ထင်ရလျက် ထိုသို့ ထင်ရာမှ တစ်ခါ ဘာမျှမထင် ဘာမျှမမြင် ဘာမျှမတွေ့ တော့ဘဲ ဘာဖြစ်မှန်းသော်မျှ မသိ ဖြစ်၍ သွားလေ၏။

*

မည်မျှလောက် ကြာမြင့်သည် မသိ၊ ''အကြော့... အကြော့'' ဟူ၍ ခေါ်သံကို ကြားရသဖြင့် လေးလံသော မျက်ခွံများကို ဖြည်းညင်းစွာ ဖွင့်လှစ် ကြည့်ရှုလိုက်သောအခါ စိုးရိမ်ကြီးစွာဖြင့် မိမိအား ကြည့်၍နေသော ဒေါ်လေး ဖြစ်သူအား တွေ့မြင်ရလေ၏။

''အကြော့၊ တူမကြီး၊ ဘယ့်နှယ် နေသေးသလဲ''

ဟူ၍ မိမိအား မေးနေသည်ကို ကြားရသည့်အတွက် -

''အကြော့ ဘာဖြစ်သလဲ ဒေါ်လေး၊ အကြော့ နည်းနည်း နေမကောင်းဘူး ထင်တယ်''

ဟု လေးလံသော နှုတ်ခမ်းကို မနိုင့်တနိုင် ဖွင့်လှစ်ကာ ပြန်ဖြေရ လေ၏။

''ဟာ ... နည်းနည်း ဘာကမလဲ တူမကြီးရယ်၊ သုံးရက်တောင် ရှိပကော တူမကြီး မြောနေလိုက်တာ၊ ဒေါ်လေးဖြင့် ရမှ ရပါတော့မလားလို့ တထိတ်ထိတ်နဲ့ အားတောင် လျှော့မိတယ်''

''ဩော်... အကြော့ မေ့သွားတယ်လား၊ သုံးရက်တောင်ပဲနော်၊ အကြော့ဖြင့် မသိပါဘူး ဒေါ်လေးရယ်''

mgyoe.com

ဟု ပြောကာ ထိုသုံးရက်အတွင်း မည်ကဲ့သို့ ဖြစ်၍ နေပါလိမ့်မည် နည်းဟု စဉ်းစားနေလေ၏။

"ဒေါ်လေး၊ ကိုသက်ထွန်း လာသေးသလား"

"မောင်သက်ထွန်းလား၊ လာရှာပါ၀ာယ်၊ သူ့ခမျာဖြင့် ပျာနေတာပဲ။ အကြော့ ပထမ နေမကောင်းတယ်ဆိုတာ ကြားကတည်းက တစ်ခါတည်း အလုပ်ပွေ ပစ်ပြီး ထလိုက်လာတာပဲ၊ ဒီကျတော့ အကြော့ မေ့နေတာ တွေ့ရတာပဲ၊ သူလည်း တော်တော်နဲ့ မပြန်ဘူး၊ ဆေးရုံဘက်ချိန် ကျတော့မှပဲ ဒီက သွားတော့ဘယ်၊ ဆေးရုံကဆင်းတယ်ဆိုလည်း ဒီပဲ။ ခမျာ တစ်ခါတည်း တန်းလာတာပဲ၊ ဒီနေ့လည်း ဒီနေ့တော့ အကြော့ သတိရလာလိမ့်မယ် ဒေါ်လေးရေ့၊ သတိရရင် ဇာေးကမ်ဒ္ဓက် တိုက်လိုက်ပါဆိုပြီး ထွက်သွားတာပဲ၊ လာတော့မယ်၊ အခုပဲ လေးနာရီထိုးနေပြီ။ သူလာလို့ အကြော့ သတိရနေတာ တွေ့ရင် ဘယ်လောက် ဝမ်းသာလိုက်မလဲလို့"

"နို့… ကိုမြင့်မောင် တစ်ယောက်ကော"

"အေးကွယ် မောင်မြင့်မောင် တစ်ယောက်လည်း သိပ်ပြီး မြုပ်ချက်သား ကောင်းတာပဲ၊ ခါတိုင်း ဒီလို မဟုတ်ပါဘူး။ ဘယ်များ ခရီး လွန်နေသလဲ မသိဘူး"

"ဒါဖြင့် အကြော့ မမာနေတုန်း သူ တစ်ခေါက်မှ မလာဘူးပေါ့"

"ဒါကြောင့် ပြောတာပေါ့ တူမကြီးရဲ့၊ ခရီးလွန်နေတယ်နဲ့ တူတယ်"

"ခရီးလွန်နေရင်လည်း ဒေါ်လေးရယ်၊ စာကလေး ဘာကလေးပဲ ရေးပါတော့"

"အေး… ဒါလည်း ဟုတ်ဘာဂဲ"

ဟု ပြောပြီးလျှင် ဆေးလိပ်ကို တွင်တွင်ကြီး ဖွာနေလေ၏။ အကြော့ မှာကား လေးနက်စွာ စဉ်းစားနေလေ၏။ အတန်ကြာမှ –

"အကြော့ သူတို့ကို အဖြေပေးဖို့ဟာ ဘယ်နှရက်လောက် လိုသေး သလဲ ဒေါ်လေး"

"မှန်း၊ အမယ်… ခြောက်ရက်တည်း လိုတော့ပါလား"

"ဟုတ်တယ် အကြော့ကို စာရွက်ကလေး နှစ်ရွက်နဲ့ စာအိတ် နှစ်လုံး ယူပေးစမ်းပါ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ဟာ… မဟုတ်တာပဲ တူမကြီးရယ်၊ နေကောင်းမှပဲ ရေးတာပေါ့"

"မဟုတ်ဘူး ဒေါ်လေးရဲ့၊ အကြော့ ဆုံးဖြတ်ပြီးပြီ"

"သြော်… ဟုတ်လား ဘယ်သူတုံး၊ မောင်သက်ထွန်းလား"

"ကိုသက်ထွန်းလားလို့ ဒေါ်လေး ဘာကြောင့် မေးရတာလဲ"

"ဒေါ်လေးအထင် ပြောရတာကိုး"

"ကိုသက်ထွန်းနဲ့ဆိုရင် ဒေါ်လေး ဘယ့်နှယ် သဘောရသလဲ"

"ဒါတော့ တူမကြီး သဘောပေါ့၊ တူမကြီး အဖေကလည်း တူမကြီး သဘောအတိုင်း ဖြစ်စေချင်လို့ အခုလို စီမံထားခဲ့တာပဲ"

"အကြော့ မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ၊ နို့ပေမဲ့"

"အဲဒါကြောင့် ဒေါ်လေးပြောတာပေါ့၊ အခု မရေးနဲ့ဦး၊ ကောင်းကောင်း မာလာတော့ ရေးပေါ့၊ ကဲ… ဆေးလေး သောက်လိုက်ဦး၊ မောင်သက်ထွန်း လည်း အခုပဲ ရောက်လာတော့မှာပဲ"

ဟု ဆိုကာ ဆေးတိုက်သောကြောင့် အကြော့လည်း တစ်စုံတစ်ရာ မပြောတော့ဘဲ ဆေးသောက်ပြီးလျှင် မျက်လုံးကိုမှိတ်ကာ ကိုသက်ထွန်း၏ ဝတ္တရား ကျေပွန်ရုံမျှမက သက်ညှာတတ်ခြင်းကို လည်းကောင်း၊ ကိုမြင့်မောင်၏ ဝတ္တရား ပျက်ကွက်ရိုင်းပျခြင်းကို လည်းကောင်း တစ်လှည့်စီ တွေးတော နေမိလေ၏။

တစ်ခဏမျှ နေသောအခါ -

"ဘယ့်နှယ် နေသလဲ ဒေါ်လေး၊ သတိရပြီလား"

ဟု ကိုသက်ထွန်း ပျာပျာသလဲ အော်၍ မေးသံကြားရသဖြင့် ရင်ထဲတွင် တဒိတ်ဒိတ် ခုန်၍ လာလေ၏။ ခြေသံများ တဖြည်းဖြည်း နီး၍ လာလေလေ ရင်မှာ တိုး၍ ခုန်လေလေ ဖြစ်လေ၏။

"အလို… အကြော့ သတိရပြီလား"

ဟူသော အသံကို ကြားရသည့်အခါတွင် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ အားရဝမ်းသာစွာဖြင့် မိမိအား ကြည့်၍နေသော ကိုသက်ထွန်းကို တွေ့ရသဖြင့် ၎င်း၏ မျက်နှာကို မြင်ရခြင်းသည်ပင် အကြော့ကို တစ်မျိုးတစ်မည် ဖြစ်စေသောကြောင့် ကြာမြင့်စွာ မကြည့်နိုင်ဘဲ မျက်လွှာကို လျှင်မြန်စွာ ချလိုက်လေ၏။

mgyoe.com

"အကြော့ သတိရပါပြီ၊ ကြည့်စမ်း၊ ဘာဖြစ်လို့ ကိုသက်ထွန်း စိတ်ပူအောင် လုပ်ရသလဲ"

ဟု ပြောပြောဆိုဆို အနီးသို့ ရောက်လာပြီးလျှင် လက်ကို ကိုင်တွယ် စမ်းသပ်လေ၏။

ကိုသက်ထွန်းကပင် မရိုး၍လော၊ မိမိကပင် မရိုး၍လောမသိ။ မိမိ၏ စိတ်တွင်ကား ထိုသို့ ကိုင်တွယ်ခြင်းမှ ပြန်၍ ရုပ်ရန် သတိမရမိ၊ ထိုသို့ ကိုင်တွယ်ခြင်းကိုပင် နှစ်ခြိုက်သကဲ့သို့ ဖြစ်ကာ ငြိမ်သက်စွာ နေမိလေ၏။

"အကြော့လေး၊ ကိုသက်ထွန်းဖြင့် စိတ်ပူလိုက်ရတာ ရမှ ရပါဦး မလားလို့ တယိတ်ထိတ်ပဲ၊ အလုပ်လုပ်တာတောင် ဖြောင့်အောင် မလုပ်နိုင်ဘူး။ အကြော့ အခုတော့ စိုးရိမ်စရာ မရှိတော့ဘူး၊ ကိုသက်ထွန်း သိပ်ဝမ်းသာ တာပဲ၊ အကြော့ ဘယ်အချိန်လောက်မှာ သတိပြန်ရလာသလဲ"

"လေးနာရီထိုးလောက်ကပဲ၊ အကြော့ ကိုသက်ထွန်းကို သိပ်ပြီး ကျေးဇူးတင်တာပဲ၊ ကိုသက်ထွန်းသာ..."

"ဟာ... ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ အကြော့ရာ၊ ဒါက ကိုသက်ထွန်းရဲ့ ဝတ္တရားပဲ မဟုတ်လား၊ ကိုသက်ထွန်း အကြော့ကို ပြုစုခွင့် ရတဲ့အတွက်သာ ကိုသက်ထွန်းက ပြန်ပြီး ကျေးဇူးတင်ရဦးမှာ"

"အို... အကြော့ကို ကိုသက်ထွန်းမှ မကြည့်ရင် ဘယ်သူ ကြည့် မလဲ"

"အကြော့ကို ကိုသက်ထွန်း တစ်သက်လုံး ကြည့်ခွင့် မပေးနိုင် ဘူးလား အကြော့ရယ်၊ ကိုသက်ထွန်း ကြည့်ခွင့်ရပါရစေ။ ကိုသက်ထွန်း အကြော့ကို တစ်သက်လုံး စောင့်ရှောက်ရရင် ကိုသက်ထွန်း အကြော့ကို သိပ်ပြီး ကျေးဇူးတင်မှာပဲ"

ဟု ဆိုကာ အကြော့၏ လက်ကလေးကို ကြင်နာယုယစွာ ပွတ်သပ် လျက်နေရာ အကြော့မှာမူကား တစ်စုံတစ်ရာ မပြောဘဲ ငြိမ်သက်စွာ ခေါင်းငုံ့ နေလေ၏။

ထိုခဏ၌ ဒေါ်လေး ဝင်ရောက်၍ လာသဖြင့် ကိုသက်ထွန်းလည်း ကိုယ်ရှိန်သတ်ကာ "အင်း... အဖျားသွေး နည်းနည်းပဲ ရှိတော့တာပဲ၊ ကိစ္စ မရှိပါဘူး" ဟု ပြောပြီး အနီးရှိ ကုလားထိုင်တွင် ထိုင်လေ၏။ အကြော့လည်း မျက်နှာထားကို တစ်မျိုးပြင်၍ ထားရလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK 

"ဘယ်နှယ့်လဲ မောင်သက်ထွန်း၊ ရောဂါတွေ ဘယ့်နှယ်နေသေး သလဲ၊ တော်တော်ပဲ သောင်းကျန်းတုန်းလို့ ဆိုပါလား"

"ဟုတ်ပါတယ်၊ အခုထက်ထိလည်း လျော့သေးတယ် မရှိပါဘူး"

"မနေ့က ဥတိုရွာမှာ အမှိုက်တွေကို မီးရှို့ရာက အိမ်တွေ ဘာတွေ တောင် မီးလောင်တယ်လို့ ကြားပါလား"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒေါ်လေး ကြားသလိုပဲ ကြားခဲ့ ပါတယ်။ ဟိုမှာ ရောဂါက တော်တော့်ကို ဖြစ်နေတော့ အမှိုက်သရိုက်တွေ မီးရှို့ရာက ထပြီး လောင်တာပါပဲ"

"အသေအပျောက်များ ရှိတယ်လို့ရော မကြားမိဘူးလား"

"မီးကြောင့် သေတယ်လို့တော့ မကြားမိဘူး ဒေါ်လေးရဲ့၊ ပြေးရင်း လွှားရင်း ဒဏ်ရာရတာတော့ဖြင့် နည်းနည်းပါးပါး ရှိတယ် ထင်ပါရဲ့"

"ဒီရွာက မောင်သက်ထွန်းတို့နဲ့လည်း ဆိုင်တာပဲ မဟုတ်လား"

"ဆိုင်တယ်ဆိုလည်း ဆိုင်တာပါပဲ၊ နို့ပေမဲ့ ကျွန်တော်တို့ မြို့ပေါ်မှာတောင် အလုပ်က မနိုင်နိုင်အောင် ဖြစ်နေတော့ ဟိုကို မသွားနိုင်ဘူး"

"ဒေါ်လေး ကြားတော့ မြို့မှာထက်တောင် ဆိုးသေးတယ်ဆိုပဲကွယ်။ ဘုရား၊ သိကြားမလို့ ဒီကပ်က မြန်မြန်လွတ်ကြပါစေကွယ်။ ကဲ - ကဲ စကား ပြောရစ်ကြဦး၊ ဒေါ်လေး ကော်ဖီ သွားဖျော်လိုက်ဦးမယ်"

ဟု ဆိုပြီး အပြင်သို့ ထွက်သွားသောကြောင့် ကိုသက်ထွန်းလည်း အားရဝမ်းသာစွာ အကြော့၏ လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီးလျှင်-

"ဘယ့်နှယ်လဲ အကြော့ရဲ့၊ ပြောပါဦး၊ အကြော့ပြီးရင် ပြီးတာ ပါပဲ"

အကြော့မှာ နဂိုကမှ ပြောချင်လျက်ရှိသူ ဖြစ်ရာ ယခုကဲ့သို့ လက်ကလေးကို ကိုင်ကာကိုင်ကာ လှုံ့ဆော်၍ နေသောအခါ သာ၍ပင် ဖွင့်ဟ ပြောလိုက်ချင်လေ၏။ သို့သော် လွန်ခဲ့သည့် ရက်ပေါင်းများစွာက ထိန်းသိမ်း စောင့်စည်းလာခဲ့လေသမျှ အချည်းနှီး အလဟဿဖြစ်မည်ကိုလည်း စိုးရိမ် လေ၏။ သို့အတွက် တစ်စုံတစ်ရာ မပြောဘဲ ငြိမ်သက်စွာ ခေါင်းငုံ့၍နေရာ ကိုသက်ထွန်းမှာ သာ၍ပင် မချင့်မရဲ ဖြစ်လာသကဲ့သို့-

"အကြော့၊ ပြောပါ အကြော့ရဲ့၊ ကိုသက်ထွန်း ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား"

mgyoe.com

ဟု လော၍ နေပြန်သည့်အတွက် အကြော့လည်း ကိုသက်ထွန်း၏ ဒုက္ခကို မကြည့်နိုင်တော့သည့်အလား -

"ကိုသက်ထွန်း တကယ်ပဲ အကြော့ကို တစ်သက်လုံး စောင့်ရှောက်ရရင် ဝမ်းသာမှာလား"

"မေးနေဖို့ လိုသေးသလား အကြော့ရာ၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဦးက တားမြစ်ခဲ့လို့ ပြောခွင့်မရလို့သာ မပြောခဲ့ရတာပါ။ ကိုသက်ထွန်း အကြော့ကိုသာ မရရင် သေမယ် ထင်တာပဲ"

"ကိုသက်ထွန်းဟာ ဆရာဝန်ကြီး တစ်ယောက်လုံး လုပ်နေတာပဲ၊ အကြော့လို ဟာမျိုးကို မရလို့ သေနိုင်မယ်တဲ့လား"

"အင်း… အကြော့ မသိဘူး၊ မသိဘူး၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောက်တောင် ချစ်တယ်ဆိုတာ မသိဘူး၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောက်တောင် ချစ်တယ်ဆိုတာကို အကြော့သိရင် အကြော့ ကိုသက်ထွန်းကို ပြန်မချစ်နိုင်ဘူး ထားဦး သနားမှာပဲ၊ အခုတော့ ကိုသက်ထွန်း ဘယ်လောက်တောင် ချစ်တယ် ဆိုတာလည်း ဦးအမိန့်ကြောင့် ဖွင့်ပြောခွင့်မရဘူး၊ အကြော့ သိစေချင်တယ် သိစေချင်တယ်"

"အကြော့ သိပါတယ် ကိုသက်ထွန်းရယ်"

ဟု အကြော့၏ နှုတ်မှ ရုတ်တရက် ထွက်လာ၍ ကိုသက်ထွန်းမှာ သာ၍ပင် စိတ်အားတက်ကြွလာကာ-

"ဒါဖြင့်… ဒါဖြင့်"

"ကိုသက်ထွန်း အကြော့ကို ဘယ်လောက်ချစ်တယ်ဆိုတာ အကြော့ မှန်းဆပြီး ကြည့်နိုင်ပါတယ်။ အခုတော့ ခြောက်ရက်တည်း လိုပါတော့တယ်၊ စောင့်ပါဦး၊ နောက်ဆုံး တစ်နေ့မှာ ကိုသက်ထွန်း ဝမ်းနည်းသွားအောင် အကြော့ လုပ်ရက်နိုင်ပါ့မလား"

ဟု အကြော့က ပြောလိုက်သည့် အတွက် ကိုသက်ထွန်းတွင် အတိုင်းမသိ ဝမ်းမြောက်ခြင်း ဖြစ်သည်နှင့် အကြော့၏ ကိုယ်ကလေးကို ပွေ့ထူ ပိုက်ဖက်ထားပြီးလျှင် -

"အဟုတ်လား အကြော့၊ အဟုတ်ပဲလား၊ ကိုသက်ထွန်း တကယ်ပဲ ဝမ်းသာရတော့မှာပဲလား"

mgyoe.com

ဟု အသက်မှ မရှုနိုင်ဘဲ မေးနေ၍ အကြော့လည်း ကိုသက်ထွန်း ဤမျှလောက်ပင် ဖြစ်နေလေသလောဟု ခေါင်းကလေးကို မော့ကာ -

"အခုဟာက ဝမ်းသာတာ မဟုတ်သေးဘူးလား၊ တကတဲမှပဲ"

ဟူ၍ အနည်းငယ် ပြုံး၍ ပြောပြီးလျှင် ကိုသက်ထွန်းအား မဝနိုင်သော ကြည့်ခြင်းဖြင့် ကြည့်၍ နေလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

# ၃

## ထိုတစ်ယောက်

ဤသို့အားဖြင့် နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ပေးအပ်ရမည့် နေ့ရက်သို့ ဆိုက်ရောက်လာခဲ့သည့်အတွက် အကြော့လည်း ထိုနေ့ နံနက်တွင် စောစော အိပ်ရာမှ ထကာ စာအိတ်နှစ်လုံးဖြင့် စာရေးစက္ကူကတ်ကို ယူငင်၍ မည်သို့ ရေးရပါမည်နည်းဟု စဉ်းစားလေ၏။

တစ်စောင်သော စာကိုကား မခဲမယဉ်း ရေးနိုင်သည့်အတွက် ပထမ ဦးစွာ ကောက်၍ ရေးပြီးလျှင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ထပ်၍ ဖတ်ရှုပြီးနောက် စာအိတ်၌ အမည်ရေးထိုးကာ ပိတ်လိုက်လေ၏။

ကျန်တစ်စောင်ကို ‘ရေးရန်ကား ယခင်က ထင်မှန်းခဲ့သလောက် တစ်ခါတည်း ပစ်ပစ်ခါခါ ရေးလိုက်လျှင်လည်း မသင့်လျော်။ ၎င်း၏ စိတ်နှလုံးတွင် ယူကျုံးမရဖြစ်၍ မသွားစေချင်။ မိမိ ဖခင်ကြီး၏ လိုအင်ဆန္ဒမှာ လည်း ဤနှစ်ဦးသော သူတို့အနက် တစ်ဦးက ခင်ပွန်းအဖြစ်ဖြင့် မိမိအား သိမ်းပိုက်စောင့်ရှောက်ရသည်ရှိသော် အခြား တစ်ဦးက မိတ်ဆွေ အဖြစ်ဖြင့် ဆက်လက် စောင့်ရှောက်ရမည်ဟု ပါရှိသောကြောင့် မိမိ ရေးရမည့် စာမှာ အလွန်ကြင်နာစွာနှင့် ရေးရမည့်စာ ဖြစ်ကြောင်း သတိပြုမိလေ၏။

mgyoe.com

mgyoe.com

သို့ သတိပြုမိသည့် အလျောက် စာကို ကောက်၍ ရေးလိုက်သည့် အခါတွင်ကား ထင်သလောက် မလွယ်ကူသည်ကို တွေ့ရသဖြင့် စာတစ်ကြောင်း စပြီး ရေးလိုက်၊ ဖျက်ပစ်လိုက်နှင့် စာရေးစက္ကူများမှာ တစ်ရွက်ပြီး တစ်ရွက် ခြင်းတောင်းထဲသို့ ရောက်ကုန်ကြလေ၏။

နေအတော်မြင့်၍ လာသောအခါ၌ကား စာလေးငါးကြောင်းမျှ စိတ်တိုင်းကျ ရေး၍ ရသောကြောင့် ဆက်လက်ရေးသည်တွင် မိမိ ရေးသားချင်သော အရာတို့ကို ဖြူးဖြူးဖြောင့်ဖြောင့် ရေး၍ ပြီးလေ၏။

ထို့နောက် ထိုစာကို တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ် ဖတ်လေ၏။ သို့ဖတ်တိုင်းလည်း ဝမ်းနည်းသကဲ့သို့ ဖြစ်မိလေ၏။ မည်မျှလောက် ကြင်နာသော စကားတို့ဖြင့် သုံးနှုန်းထားသည် မှန်စေကာမူ ဖတ်ရသူတွင် မည်သည့်နည်းနှင့်မျှ စိတ်ကောင်းနိုင်မည် မဟုတ်ကြောင်း ကောင်းစွာ သိလေ၏။ သို့ဖြစ်၍ ထပ်မံ အချောပြင်လျှင် တိုး၍ ခံသာဖွယ်ရာ ရှိပါမည်လောဟု စဉ်းစား ဆင်ခြင်ကြည့်လိုက်ပြန်လျှင်လည်း မိမိ သုံးစွဲထားသော စကားတို့မှာ တိုး၍ ညင်းပျောင်းခြင်း မရှိနိုင်တော့သည်ကို တွေ့ရသဖြင့် ဝမ်းနည်းခြင်း ဖြစ်ရုံမှတစ်ပါး တစ်စုံတစ်ရာ မတတ်နိုင်တော့ဘဲ စာအိတ်ကို ပိတ်ကာ စားပွဲပေါ်တွင် စာအိတ် နှစ်လုံးယှဉ်၍ တင်ထားလိုက်လေ၏။

ထို့နောက် အိပ်ရာပေါ်သို့ ကိုယ်ကိုပစ်၍ လှဲကာ ရှေ့ရေး နောက်ရေး တို့ကို စဉ်းစားနေရာ ကိုမြင့်မောင်သည် အဘယ်ကြောင့် ဤမျှလောက် မြုပ်ချက်သား ကောင်းရသနည်း၊ မိမိအား အဖိုးမတန်ဟု ထင်၍ပင် ရုတ်တရက် အသွားအလာ ဖြတ်လိုက်ခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် အခြား၊ တစ်ဦးဦးနှင့် မေတ္တာ ကူးလူးမိ၍ပင် မလာရောက်ခြင်း ဖြစ်လေသလော ရိုးရိုးအကြောင်းကြောင့် မလာနိုင် ရှိခဲ့လျှင် မလာနိုင်ကြောင်းကို မိမိထံသို့ အကြောင်းကြားသင့်၏။ ယခုသော်ကား အကြောင်းကြားခြင်းလည်း မရှိ၊ ထူးဆန်းစွာ ပျောက်ကွယ်၍ နေဘိ၏။

ပထမက ညညတွင် ထွက်၍ ထွက်၍ သွားပြီးလျှင် နံနက်တွင်မှ ပြန်လာသည်ဟု ဆို၏။ ထို့နောက် တစ်ဖန် နေ့ရောညပါ ပြန်မလာဟု သတင်း ကြားရပြန်၏။ ဤကဲ့သို့ မည်သူ့အားမျှ အကြောင်းမကြားဘဲ ပျောက်ကွယ်နေခဲ့ရာ ယနေ့ ညနေလည်း လာပါမည်လော။ ယနေ့ ညနေ လာဖို့ရန်ကိုပင်

mgyoe.com

mgyoe.com
SAMPLE BOOK


သတိရမှ ရပါမည်လော။ ယခင်ကမူ ကိုမြင့်မောင် လာမြဲတိုင်းပင် လာစေချင်ခဲ့၏။ ထို့နောက် ကိုသက်ထွန်း တစ်ယောက်လည်း လာနေကျဖြစ်၍ ထိုအခါ ကိုသက်ထွန်း တစ်ယောက်တည်း လာရောက်ခြင်းကိုပင် ဝမ်းသာသကဲ့သို့ ဖြစ်ခဲ့၏။ ယနေ့ ညနေတွင်ကား အရေးကြီးသော မိမိ အဖြေကို ပေးရတော့မည်ဖြစ်ရာ ကိုသက်ထွန်း တစ်ယောက်တည်းကိုသာ လာရောက်ပါမူကား အထူးပြောဖွယ်မရှိ၊ အကယ်၍ ယနေ့ညနေ ကိုမြင့်မောင် သတိရ၍ ပေါက်လာခဲ့ချေသော် မိမိ မျက်နှာ ထားတတ်တော့မည် မဟုတ်၊ သို့ဖြစ်၍ ကိုမြင့်မောင် မလာမရောက်ခြင်းကပင် ကောင်းဦးမည်။ ဘုရား၊ သိကြားမ၍ မလာမရောက်ပါစေနှင့် ဟူ၍ပင် ဆုတောင်းမိလေ၏။

နေ့ခင်း တစ်နေ့ခင်းလုံးလည်း ကိုမြင့်မောင် မလာမည်ထက် လာမည်ကို ပို၍ စိုးရိမ်ခြင်းဖြစ်ကာ လာလျှင် မျက်နှာပူစရာ ဖြစ်တော့မည်။ ၄င်းအားမည်ကဲ့သို့ မျက်နှာပြရပါမည်နည်းဟု ပူပင်ကြောင့်ကြလျက်သာ နေလုံးကျသွား၍ မိမိ၏ ဖခင်ကြီး မူလက ချိန်းဆိုသွားသော ၆ နာရီအချိန်သို့ ရောက်ခဲ့လေ၏။

ခါတိုင်းဆိုလျှင် ကိုသက်ထွန်းမှာ ၅ နာရီထိုးသည်နှင့် တစ်ပြိုင်နက် အိမ်သို့ ရောက်လာတတ်သူဖြစ်ရာ ယနေ့၌မူ ၆ နာရီမှ လာရမည် ဖြစ်သောကြောင့် ၆ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ရောက်လာခဲ့လေ၏။ အကြော့မှာ ကိုမြင့်မောင် ပေါ်၍ လာလေမည်လောဟု တွေးတောစိုးရိမ်လျက် ဒေါ်လေး ဖြစ်သူအား အခန်းတွင်းသို့ ခေါ်ပြီးလျှင် –

"ဒေါ်လေး၊ ရောက်လာကြပြီလား"

"မောင်သက်ထွန်း တစ်ယောက်ပဲ ရောက်သေးတယ် တူမကြီးရဲ့"

"ကိုမြင့်မောင်ကော"

"မောင်မြင့်မောင်တော့ မမြင်ဘူး"

"ဖေဖေက ဘယ်လို မှာသွားတယ်ဆိုတာ ပြောပါဦး ဒေါ်လေးရဲ့"

"အချိန်ပြောတာလား"

"ဟုတ်ကဲ့"

" ခြောက်နာရီလို့ ပြောသွားတာပဲ"

"ဒါဖြင့် အခု ခြောက်နာရီထိုးပြီးပြီ မဟုတ်လား"

mgyoe.com

"အခုနပဲ ထိုးတယ်၊ မောင်မြင့်မောင်ကို တူမကြီး စောင့်ဦးမလား"

"အကြော့တော့ မပြောတတ်ဘူး၊ သူက လာပါဦးမလား၊ အကြော့တော့ တယ်ပြီး မထင်ဘူး"

"အေးလေ၊ မလာလည်း သူ့ ကံတရားပေါ့၊ တူမကြီးက စာသွားပေးစေချင်ပြီပေါ့၊ ကဲ... ပေးပေး မောင်သက်ထွန်းတွက်ဟာသာ ပေး"

အကြော့လည်း ကိုသက်ထွန်းအမည် ပါရှိသော စာအိတ်ကို ဒေါ်လေး၏ လက်ထဲသို့ ထည့်လိုက်ရာ ဒေါ်လေးဖြစ်သူလည်း အခန်းတွင်းမှ ထွက်သွားလေ၏။

အကြော့စိတ်တွင်ကား တဒိတ်ဒိတ် ခုန်လျက် ရှိလေ၏။

တစ်ခဏမျှ ကြာသောအခါ အခန်းဝဆီမှ ခြေသံကြားရသောကြောင့် အသည်းထဲတွင် အေးခနဲ ဖြစ်၍ လှည့်ကြည့်လိုက်ရာ မှိုရသော မျက်နှာနှင့် တက်လာသော ကိုသက်ထွန်းကို တွေ့မြင်ရလေ၏။ တစ်ခဏအတွင်း မိမိမှာ ကိုသက်ထွန်း၏ ရင်ခွင်တွင်းသို့ ရောက်လျက် 'အကြော့... အကြော့' ဟု အကြော့ချင်း မိုးမွှန်အောင် ခေါ်နေသော အသံမှတစ်ပါး အခြား စကားတို့ကို နားနား၌ကပ်၍ ပြောနေသည့်တိုင်အောင် ကောင်းစွာ မကြားရဘဲ ရှိနေလေ၏။

ကိုသက်ထွန်း အိမ်ပေါ်မှ ဆင်း၍ လာသောအခါ ၉ နာရီ ထိုးလေပြီ ဖြစ်လေ၏။

"ဩော်... ဒေါ်လေး မအိပ်သေးဘဲကိုး၊ ကျွန်တော်တို့တော့ ရက်ကြာကြာလည်း မဆိုင်းချင်တော့ဘူး ဒေါ်လေးရဲ့၊ သန်ဘက်ခါပဲ လူကြီးစုံရာနဲ့ လာပြီး တောင်းရမ်းချင်တယ်။ အကြော့ကတော့ ဒေါ်လေးကို ပြောပါလို့ ပြောတာပဲ"

"သန်ဘက်ခါပဲ တောင်းရမ်းချင်ပြီလား၊ ဒါတော့ မောင်တို့ သဘောပေါ့လေ၊ အကြော့ သဘောတူရင် ပြီးတာပဲ"

"ဒါဖြင့် သန်ဘက်ခါတော့ ညနေ ငါးနာရီခွဲလောက်ကို လူကြီးစုံရာနဲ့ ကျွန်တော် လာပြီး တောင်းရမ်းလှည့်ပါ့မယ်၊ ကဲ... ကျွန်တော် သွားလိုက်ဦးမယ်"

ဟု ဆိုကာ ကိုသက်ထွန်း ထွက်သွားသောကြောင့် ဒေါ်လေးလည်း-

"အေး... ကောင်းပြီ ကောင်းပြီ၊ ကြည့်ပြန်ကွဲ့နော်"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောကာ တံခါးများကို ပိတ်ရန် အစေခံများကိုခေါ်၍ အမိန့်ပေးလေ၏။

ထိုအတောအတွင်း ခြံထဲသို့ လူတစ်ယောက် ဝင်လာသည်ကို မီးရောင်တွင် တွေ့ရသဖြင့် အစေခံများလည်း မည်သူ ဖြစ်ပါလိမ့်မည်နည်းဟု စူးစိုက်ကြည့်ရှုနေကြရာ ထိုသူလည်း အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက်-

"ဒါ ဆရာဝန်ကြီး ဦးငြိမ်းအိမ် မဟုတ်လားဗျို့"

"ဟုတ်တယ်၊ ဘာကိစ္စလဲ"

"ကျုပ် ဥတ္တိုရွာက လာခဲ့တယ်၊ ဒီအိမ်က ဒေါ်လေး ဆိုတာကို ပေးဖို့တဲ့၊ စာတစ်စောင် ပါလာတယ်"

ဟု ဆိုကာ စာတစ်စောင် လှမ်း၍ ပေးသောကြောင့် ဒေါ်လေးလည်း လျင်မြန်စွာ ယူငင်၍ ဖတ်ရှုကြည့်ရာ-

ရိုသေစွာ အစီရင်ခံပါသည် ဒေါ်လေး ခင်ဗျား-

*ယနေ့မှာ ဦးမင်း မှာထား ချိန်းဆိုသွားသောရက်ဖြစ်၍ ကျွန်တော် ကိုယ်တိုင် များစွာ လာလိုပါသော်လည်း အကြောင်း မညီညွတ်အောင် ရှိနေသဖြင့် မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်စေလိုပါသည်။ အကြော့အား ခွင့်လွှတ်စေရန် ဒေါ်လေးကပင် တစ်ဆင့် တောင်းပန်ပေးစေလိုပါသည်။ အကြော့သည် ယနေ့ ကျွန်တော့်အဖို့ စာတစ်စောင် ပေးရန်ရှိရာ ထိုစာကို ယခု လာသူနှင့် ပေးလိုက်ပါက များစွာ ကျေးဇူးတင်မည် ဖြစ်ပါကြောင်း အစီရင်ခံရပါသည် ခင်ဗျား။*

*မြင့်မောင်*

ဟူ၍ တွေ့ရှိသောကြောင့် ရတ်တရက်သော် များစွာ အံ့သြသွားလေ၏။ လက်ရေးကို ကြည့်လိုက်သောအခါ မောင်မြင့်မောင် ရေးသော လက်ရေးမဟုတ်၊ လက်မှတ်မှာကား မောင်မြင့်မောင်၏ လက်မှတ်ဖြစ်ကြောင်း မိမိ ကောင်းစွာ သိလေ၏။ သို့အတွက် စာလာ၍ ပေးသူအား အိမ်ပေါ်သို့ တက်စေပြီးလျှင် -

"နေပါဦး၊ ဒီစာက ဘယ်သူက ပေးလိုက်တာလဲ"

"လုံမကလေးက ပေးလိုက်တာပဲ"

mgyoe.com

mgyoe.com

SAMPLE BOOK


"ဘယ်က လုံမကလေးလဲ"

"ခင်လှဗျာ၊ ခင်လှ၊ လူမမာ တစ်ယောက်က ပေးနိုင်းတယ်လို့ ပြောလိုက်ပါ၊ စာကိုလည်း ဆက်ဆက်ပေးလိုက်ပါလို့ ပြောတာပဲ၊ ကျုပ်လည်း သေသေချာချာတော့ မသိဘူး၊ ဖြုန်းခနဲ ခေါ်ပြီး နိုင်းလို့ ထွက်လာရတာပဲ"

"နေပါဦး၊ လူမမာ ဆိုတာက ဘယ်သူလဲ"

"ကျုပ် ဘယ်သိမတုံး၊ လုံမကလေးက ပြောလိုက်တာသာ ပြောရတာ"

"မခင်လှဆိုတာ ဘယ်ကလဲ"

"ဒီမြို့ပေါ်ကပဲ၊ ပြောင်းလာတာ တယ်ပြီး မကြာလှသေးဘူး"

"ဟို… မမွေးတို့၊ မဌေးတို့၊ မခင်လှတို့လား"

"အဲ…အဲ ဟုတ်တယ်၊ ဒင်းတို့ပေါ့"

"သူတို့ ဟိုရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

"ဒီမြို့ပေါ်က ပြေးလာကတည်းက ဟိုရောက်နေကြတာပဲ"

"သြော်… လူမမာက သူတို့အိမ်မှာလား"

"ဒါတော့ ကျုပ် မပြောတတ်ဘူး၊ ကျုပ်က လယ်ကွက်ထဲ ထွက်နေတဲ့လူကလား၊ ရွာထဲ ဘာဖြစ်လို့ ဘာဖြစ်တယ်ဆိုတာ တယ်ချည်း သိတာ မဟုတ်ဘူး၊ အခုလည်း ဖြုန်းခနဲ ခေါ်နိုင်းတယ်ဆိုလို့ ထွက်လာခဲ့ရတယ်၊ ကိုင်း… ကျုပ် သွားမယ်"

ဟု ပြောပြောဆိုဆို ပြန်မည်လုပ်သောကြောင့် -

"နေပါဦး၊ ခဏကလေး နေပါဦး"

ဟု ပြောကာ အကြော့ကို ပြောရန် အပေါ်သို့ တက်၍ လာခဲ့လေ၏။ အခန်းထဲသို့ ကြည့်လိုက်သောအခါ အကြော့မှာ အိပ်ရာပေါ်တွင် ပြုံးပြုံးကလေး အိပ်မောကျလျက် ရှိနေသည်ကို တွေ့ရလေ၏။ ပထမဦးသော် နိုးဦးမည်ဟု ကြံမိပြီးမှ ယခုမှဖြင့် မထူးတော့ပြီဟု ဆုံးဖြတ်ကာ နိုးမနေတော့ဘဲ စောစောက ကိုမြင့်မောင်အတွက် ရေးထားသော စာလေးကို ယူပြီးလျှင် ထိုသူအား ပေးလိုက်လေ၏။

အကြော့မှာ ထိုညအတွက် ကောင်းစွာ အိပ်၍ ပျော်သော်လည်း ဒေါ်လေးဖြစ်သူမှာ များစွာ စိတ်မကောင်းလှဘဲ အိပ်ရာထက်တွင် ဘယ်ပြောင်း ညာပြန် လူးလိမ့်ရင်း မိုးလင်းခဲ့လေ၏။

mgyoe.com

နောက်တစ်နေ့ မိုးလင်းသည့်အခါ အကြော့၏မျက်နှာမှာ အလွန်ရွှင်ပျလျက် ရှိလေ၏။ ဒေါ်လေးဖြစ်သူမှာကား ထိုရွှင်ပျသော အမူအရာကိုတွေ့လေလေ မိမိ၏ စိတ်ကို ဝေခွဲ၍ မရနိုင်လေလေ ဖြစ်နေလေ၏။ အကယ်၍ ညက အဖြစ်အပျက်ကို အကြော့အား ပြောပြလိုက်လျှင် အကြော့တွင် ထူးခြားဦးမည်လော၊ သို့မဟုတ် အကြော့စိတ်တွင် ထိခိုက်သွားလေမည်လောဟု အမျိုးမျိုး စိုးရိမ်နေခြင်းကြောင့် အကြော့၏ မျက်နှာရိပ် မျက်နှာကဲကိုသာ ခတ်၍ နေလေရာ အကြော့က တစ်ချက် တစ်ချက် လှမ်းအကြည့်လိုက်နှင့် မျက်စိချင်း ဆုံနေသောကြောင့် အကြော့မှာ မလုံသကဲ့သို့ ရှက်ကိုး ရှက်ကန်းဖြစ်ကာ -

"ဘာကြည့်ကြည့်နေတာလဲ ဒေါ်လေးရဲ့" ဟု မေးလေ၏။

ဒေါ်လေးသည် လျှင်မြန်စွာ စဉ်းစား၍ နေလေ၏။ ထို့နောက် စိတ်ကို ပိုင်းဖြတ် ပြီးလျှင်-

"အကြော့ လာစမ်း၊ ညက ဟောဒီစာ ရတယ်"

ဟု ဖျတ်ခနဲ စာကို ထုတ်ပေးလေ၏။

အကြော့လည်း စာကိုဖတ်ကာ "ဒါ မခင်လှ လက်ရေးပဲ"ဟု ပြောရာ ဒေါ်လေးလည်း ညက အဖြစ်အပျက်ကို ပြန်၍ ပြောလေ၏။ အတန်ကြာမှ-

"မခင်လှနဲ့ သူနဲ့ မေတ္တာရှိနေပြီ ဆိုရင်လည်း ဒီစာကို မခင်လှကို ဘယ်နည်းနဲ့မှ ရေးခိုင်းမှာ မဟုတ်ဘူး၊ ဒါ မခင်လှ ရေးတာပဲ၊ အကြော့လည်း မတွေးတတ်ဘူး၊ ဒေါ်လေး ဘယ်လို သဘောရသလဲ"

"ဒေါ်လေးလည်း ညက တစ်ညလုံး စဉ်းစားတာပဲကွယ်၊ နားကို မလည်ဘူး"

အကြော့လည်း စာရွက်ကလေးကို ထပ်၍ ဖတ်လေ၏။

'အကြောင်း မညီညွတ်အောင် ရှိနေသဖြင့်' ဟူ၍ ရေးရာ၌ မည်ကဲ့သို့ အကြောင်း မညီညွတ်သည်ကို ဖော်ပြခြင်း မပြုသော်လည်း စာလာရောက်ပေးသူ၏ စကားကိုထောက်လျှင် ကိုမြင့်မောင် မမာ၍ နေသည့်အတွက် မလာရောက်နိုင်ခြင်း ဖြစ်လိမ့်မည်ဟု တွေးထင်ဖွယ်ရာ ရှိနေလေ၏။ သို့ဆိုလျှင် ကိုမြင့်မောင်အပေါ်တွင် မိမိ အကဲခတ် လွဲလေပြီဟု တွေးမိကာ မိမိ မဆင်မခြင် ပြုလုပ်မိသည့်အတွက် ဝမ်းနည်းသကဲ့သို့ ဖြစ်လာလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


သို့သော် မိမိ အကဲခတ် လွဲသည်ဟု မည်သို့ ဆိုနိုင်မည်နည်း။ ကိုမြင့်မောင်သည် မခင်လှနှင့် မည်သို့ တွေ့၍ မည်သို့ တော်စပ်နေသည့်အတွက် ယခုကဲ့သို့ ဤစာကို မခင်လှက ရေးပေးရသနည်းဟု တွေးမိပြန်သောအခါ၌လည်း ဟုတ်မှန်သော အဖြေကို မရနိုင်တိုင်း တွေ့ရာလျှောက်၍ တွေးတောကာ စိတ်တွင် အတန်ငယ် နေသာထိုင်သာ ရှိသွားသကဲ့သို့ ထင်ရလေ၏။

သို့ ဖြစ်စေကာမူ နံနက် အိပ်ရာထစကလောက် စိတ်လက်ပေါ့ပါး ရွှင်မြူးခြင်း မရှိချင်တော့သည့်အတွက် အိမ်ပေါ်သို့ ပြန်၍ တက်ခဲ့ပြီးလျှင် ဆက်လက်၍ စဉ်းစားနေမိလေ၏။

ဒေါ်လေးဖြစ်သူ ဈေးသို့ ထွက်သွား၍ ဝယ်ခြမ်းပြီးစီးသဖြင့် အိမ်သို့ ပြန်လည် ရောက်ရှိသည့်တိုင်အောင် အကြော့မှာ မူလက ထိုင်နေသော နေရာမှ မထသေးဘဲ ရှိသည်ကို တွေ့ရသည့်အတွက်-

"ကိုင်း … တူမကြီး၊ ဖြစ်မိမှဖြင့် မထူးဘူး၊ ဘာမှ တွေးမနေနဲ့တော့၊ တစ်နေ့ကျတော့ သူဟာနဲ့သူ အလိုအလျောက် ဖြစ်လာမှာပဲ၊ ကိုယ့်စိတ်ကို ပျော်အောင်သာနေ"

"အကြော့ စိတ်မညစ်ပါဘူး၊ ဒါပေမဲ့ အဖြစ်အပျက်ကို သေသေချာချာ သိချင်တာပဲ"

"သိလို့ကော ထူးဦးမလား တူမကြီးရယ်"

"အခုမှဖြင့် ထူးတော့ မထူးတော့ဘူးပေါ့ ဒေါ်လေးရယ်၊ ဒါပေမဲ့ သိရတာပေါ့"

ဒေါ်လေးလည်း တစ်စုံတစ်ရာ ဆက်လက် မပြောနိုင်တော့သဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့ပြီးလျှင် စားရေးသောက်ရေးအတွက် စီမံခန့်ခွဲ၍ နေလေ၏။

နေ့လယ်ဘက်တွင်ကား အကြော့သည် အောက်ထပ်သို့ ဆင်းလာပြီးလျှင် -

"ဒေါ်လေး၊ အကြော့ ဥတိုကို လူတစ်ယောက် လွှတ်ချင်တယ်၊ လွှတ်ပေးစမ်းပါ"

"ဘယ်သူ့ဆီလဲ၊ မောင်မြင့်မောင် ဆီကိုလား၊ ဖြစ်ပါ့မလား အကြော့ရဲ့၊

mgyoe.com

mgyoe.com

အကြော့ စိတ်ပိုင်းဖြတ်ပြီးမှပဲ၊ ဘာလိုတော့သလဲ၊ အကြော့စာလည်း ပေးလိုက်ပြီဟာပဲ''

''အဲဒါကြောင့် အကြော့ လူလွတ်ချင်တာပေါ့''

''ဖြစ်ပါ့မလား တူမကြီးရယ်၊ စဉ်းစားပါဦး၊ တော်ပါ့မလား၊ ဒေါ်လေးတော့ ပြီးတဲ့အတိုင်းပဲ ရှိစေချင်တာပဲ''

ဟုဆိုကာ အတင်း တားမြစ်နေသောကြောင့် အကြော့လည်း ဘာမျှ မပြောနိုင်တော့ဘဲ လေးလံသော ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ တက်လာခဲ့ရပြန်လေ၏။

ညနေဘက်သို့ ရောက်လျှင်ပင် ကိုသက်ထွန်း ရောက်၍ လာလေ၏။ ကိုသက်ထွန်းမှာ အားရဝမ်းသာစွာ လာခဲ့ရာ အကြော့၏ မျက်နှာမှာ များစွာ မသာယာသည်ကို မြင်သောအခါ အခြားအကြောင်းကို မတွေးမိ၊ နေမကောင်း၍ပျား မျက်နှာကလေး ညှိုး၍ နေလေသလောဟု တွေးတောပြီးလျှင် စိုးရိမ်တကြီး မေးလေ၏။

အကြော့လည်း အနည်းငယ် ဣန္ဒြေဆောင်ကာ အလိုက်သင့် ပြုံးပြုံးရယ်ရယ်နှင့် နေရလေ၏။ ကိုသက်ထွန်းမှာ နက်ဖြန် ဤအချိန်တွင် လူကြီးစုံညီနှင့် မည်သို့ လာမည်၊ မည်သို့ တောင်းမည် စသည်တို့ကို စီကာပတ်ကုံး တပြုံးပြုံး တရွှင်ရွှင် ပြောဆိုနေပြီးလျှင် ညဉ့်အတော်နက်မှ ပြန်၍ သွားလေ၏။

အကြော့လည်း ကိုသက်ထွန်း ပြန်၍ သွားသည်ကို နောက်က မျက်စိတစ်ဆုံး ကြည့်လိုက်သည် မှန်သော်လည်း အတွေးမှာ ကိုသက်ထွန်း ထက် ကိုမြင့်မောင်အတွက် ပိုနေလေ၏။

ထို တစ်ညလုံးပင် တလူးလူး တလွန့်လွန့် ဖြစ်နေခဲ့လေ၏။ ကိုမြင့်မောင် အကြောင်း တွေးလိုက်၊ ကိုသက်ထွန်းအကြောင်း တွေးလိုက်၊ ယနေ့ညသည် အပျိုဘဝ၏ နောက်ဆုံးညဖြစ်၍ နက်ဖြန်ည ဤအချိန်တွင် ဤအိပ်ရာနေရာကို မိမိ တစ်ဦးတည်း မပိုင်တော့ပြီဟူ၍ တွေးလိုက်သည်နှင့် ချွေးဒီးဒီးကျအောင် မောဟိုက်၍ လာသည့်တိုင် စဉ်းစားနေမိသဖြင့် နံနက် သုံးနာရီလောက်တွင်မှ ကောင်းစွာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

# ၄

## မှားမိပြီ

နောက်တစ်နေ့ အိပ်ရာမှ ထသောအခါ ၁၀ နာရီ ထိုးနေသည်ကို တွေ့ရလေ၏။ ညက လေးလံနေသော စိတ်မှာ ပေါ့ပါးသည် ဟူ၍ မရှိသေးသည့်အတွက် ရေမိုးချိုးပြီးသည်နှင့် တစ်ပြိုင်နက် အပေါ်ထပ်သို့ တက်လာခဲ့လေ၏။

အတန်ငယ် ကြာသောအခါ -

"အကြော့ရေ၊ ဟေ… အကြော့"

ဟု လှေကားမှ အော်၍ တက်လာသော အသံကို ကြားရလေ၏။ အသံမှာ မခင်လှ၏ အသံဖြစ်ကြောင်း ကောင်းစွာ ကျက်မိသဖြင့် ဝမ်းသာ အားရစွာ အခန်းဝသို့ ထွက်ခဲ့ရာ မိမိ ထင်မှန်းသည့်အတိုင်းပင် မခင်လှ ဖြစ်နေသည့်အတွက် -

"လာ လာ မခင်လှ၊ အကြော့လည်း မခင်လှကို မျှော်နေတာပဲ၊ မခင်လှတို့ ဘယ်ပျောက်သွားကြသလဲ၊ မပြောမဆိုနဲ့၊ အကြော့ သွားပြီး မေးတော့ ပြောင်းသွားကြပြီလို့ ပြောလိုက်တာပဲ"

"ဟုတ်တယ်၊ အဲဒီညကပေါ့ အကြော့ရယ်၊ ကျွန်မတို့ ဒုက္ခရောက် လိုက်တာ မပြောပါနဲ့တော့၊ အဲဒီညက အကြောင်း တွေးလိုက်ရင် ကိုသက်ထွန်း

mgyoe.com

ကို စိတ်နာပါရဲ့၊ ကိုမြင့်မောင်ရှိပေလို့သာ၊ နို့မဟုတ်ရင် တစ်လောင်းမကဘူး နှစ်လောင်း၊ သုံးလောင်း…"

"နေပါဦး မခင်လှရဲ့၊ ကိုသက်ထွန်းကို ဘာဖြစ်လို့ စိတ်နာတာလဲ"

"ဘာလဲ၊ အကြော့က ကိုသက်ထွန်းကို ထိလို့ နာသလား၊ အကြော့ ကိုတော့ အားနာတာပဲ၊ ဒါပေမဲ့ ကိုသက်ထွန်းကို ဘယ်တော့မှ မကျေဘူး"

"အို… အကြော့ ဘာဖြစ်လို့ နာရမှာလဲ မခင်လှရဲ့၊ ကိုသက်ထွန်းကို စိတ်နာတယ် ပြောလို့ အကြော့က မေးရတာပါ"

"မကြင်ခ ဆုံးတာ သူ့ကြောင့်ပေါ့ အကြော့ရယ်၊ သူ့ကြောင့်ပေါ့၊ သူ့ကို ခေါ်ခေါ်ချင်းသာ လာရင် ချမ်းသာဦးမှာ"

"နို့… ခေါ်ခေါ်ချင်း မလာဘူးလား"

"မလာတဲ့အပြင် သွားခေါ်တဲ့လူကိုတောင် ငေါက်ငမ်းလွှတ်လိုက် သေးတယ် ရှင်ရဲ့၊ ပြီး ဘာပြောသေးတယ် မှတ်လဲ၊ တခြားလူသေတာ အရေး မကြီးဘူး၊ ကျုပ်သေမှ ခက်မယ်၊ သွား ကျုပ် မလိုက်နိုင်ဘူး၊ ခေါ်ချင်တဲ့ ဆရာ ခေါ်လို့ ပြောလိုက်၊ သူတို့ ခေါ်တိုင်း လိုက်ရရင် သေတာ ကြာလှပြီတဲ့ ရှင့်၊ သေတာ ကြာလှပြီတဲ့၊ ဒါ ဆရာဝန်တဲ့လား"

"သွားခေါ်တာက ဘယ်အချိန်မို့လဲ"

"ဘာရှိဦးမလဲ၊ ဆယ်နာရီလောက် ရှိဦးမှာပေါ့"

'သြော်' ဟူ၍သာ ပြောနိုင်တော့လျက် အကြော့မှာ များစွာ အံ့အား သင့်၍ နေလေ၏။

ကိုသက်ထွန်းသည် အလွန်ကြင်နာ ထောက်ထားတတ်သော သဘော ရှိသူဖြစ်လျက် မကြင်ခကလေး၏ အသက် သေဆုံးရခြင်းမှာ ၎င်း၏အတွက် ဖြစ်သည်ဟု ဆိုခြင်းသည် ယုံနိုင်ဖွယ် မရှိအောင် ဖြစ်နေလေ၏။ သို့သော် ပြောနေသူမှာ အခြားမဟုတ်၊ မိမိ၏ မိတ်ဆွေရင်းချာဖြစ်၍ နောက်နောက်က မိမိ အပေါ်တွင် လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်ပေါ်တွင် လည်းကောင်း မဟုတ်မမှန် လုပ်ကြံလီဆယ်ဖူးသည် မရှိသောကြောင့် ၎င်း၏ စကားကို ယုံမှားခြင်း မရှိ။ သို့သော် ကြားရချက်ကား နားမသက်သာဖွယ်ရာ ဖြစ်လှသည်နှင့် တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ငြိမ်သက်စွာပင် နားထောင် နေရလေ၏။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဒါနဲ့ လိုက်ရှာရတာပေါ့၊ တခြားဆရာတွေကို ဘယ်သူ့မှ ခေါ်လို့ မရဘူး၊ နောက်မှ ကိုမြင့်မောင်ကို သတိရတာနဲ့ ဆေးတိုက်ကို လွှတ်တော့ သရက်တစ်ပင်တို့၊ ထောက်ကြန့်ကုန်းတို့၊ စိန်ကန့်လန့်တို့ အဲဒီ ရွာတွေကို သွားပြီး ဆေးထိုးပေးနေတာ သုံးလေးရက် ရှိပြီ၊ တစ်ခါတလေလည်း ပြန်လာတယ်၊ တစ်ခါတလေလည်း ပြန်မလာဘူးလို့ ပြောလိုက်တယ်၊ ဒါနဲ့ ကဲ… ပြန်လာရင်ဖြင့် လာလာချင်း အိမ်ကို လွှတ်လိုက်ပါလို့ မှာခဲ့တယ်။ ည ဆယ့်နှစ်နာရီလောက်ကျတော့ သူ ရောက်လာတာပဲ၊ ရောက်လာတော့ ရောဂါက ကျွမ်းနေပြီ၊ နှစ်နာရီ သုံးနာရီလောက် နောက်ကျသွားတယ်လို့ ပြောတာနဲ့ တစ်ခါတည်း အမေက ငိုတာပေါ့၊ ကိုသက်ထွန်းကိုလည်း ဆဲကြတာပေါ့လေ။

ဒီတော့ ကိုမြင့်မောင်က အကျိုး အကြောင်း မေးတာပေါ့၊ မေးလို့ အကြောင်းစုံ ကျွန်မတို့က ပြောပြတော့ ဘာပြောတယ် မှတ်သလဲ၊ ကိုသက်ထွန်း ဘက်က ခုခံပြီး ပြောတယ်ရှင်ရေ့၊ သူ့ခမျာ အကူမရှိဘဲ လုပ်နေရတဲ့အတွက် စိတ်ပျက်ပြီးတော့ ငေါက်ပြောမိတာ ဖြစ်ပါလိမ့်မယ်၊ နဂို သဘောရင်းတော့ တော်တော်ကောင်းတဲ့ လူပဲတဲ့၊ သူက ဒီလို ပြောနေတော့ အမေတို့လည်း မပြောသာတော့ဘူးပေါ့လေ၊ သူလည်း မကြင်ခကို ဆေးထိုးပေးသေးတယ်၊ ပြီး ပြောသေးတယ်၊ သူ အခု မြို့ထဲကို ညတွင်းချင်း ပြန်လာတာ ဟိုမှာ ဆေးကုန်နေလို့ ပြန်လာတာတဲ့၊ အဲဒါ ဆေးယူပြီး ပြန်မယ်လို့ အလုပ်မှာ ကျွန်မတို့က ခေါ်တယ်ဆိုတာနဲ့ ခဏဝင်လာတယ်၊ ဒီကနေပြီး ဟိုရွာတွေကို တစ်ခါတည်း တန်းသွားရဦးမယ်လို့ ပြောတယ်။ သူ့ကြည့်ရတာ သိပ်ပင်ပန်းတာပဲ အကြော့ရယ်"

အကြော့သည်ကား အသက်ကိုမျှ မှန်အောင် မရှူနိုင်ဘဲ ရှိလေ၏။ မခင်လှ၏ အသံလည်း ဆက်လက်၍-

"ကျွန်မတို့လည်း သူ့ကို သိပ်အားနာတာပေါ့၊ ဒါပေမဲ့ ဒီမှာလည်း အသက်ဘေး ဖြစ်တော့ မတတ်နိုင်ဘူး၊ မကြင်ခကို ကြည့်နေရတုန်းပဲ၊ တစ်ခါ အမေက အလူးအလဲ ဖြုန်းခနဲ ကောက်ဖြစ်လာပါရော၊ ဒါနဲ့ သူက ဆေးထိုးပေးတယ်၊ သူရောက်လို့ နှစ်နာရီခွဲလောက် အကြာမှာ မကြင်ခ ဆုံးတာပဲ။ အမေလည်း မနည်းဖြစ်နေပြီ၊ ဒီတော့ ကျွန်မတို့လည်း ရူးမတတ် ဖြစ်သွားတာပဲ။ သူက မကြင်ခ အလောင်းကို ညတွင်းချင်း ချပစ်ဖို့ပြောတယ်၊ ကျွန်မတို့မှာလည်း အကြော့ သိတဲ့အတိုင်း ယောကျ်ားဆို တစ်ယောက်မှ ရှိတာ

mgyoe.com

မဟုတ်တော့ သိပ်ခက်နေတာပေါ့၊ ဒါနဲ့ သူကိုယ်တိုင် သုသာန်ကို ထမ်းပြီး ချရှာတယ်၊ အိမ်ပေါ်မှာထားရင် ကျန်တဲ့ လူမမာကို စိုးရိမ်ရတယ် ဆိုတာနဲ့ ကျွန်မတို့လည်း အမေ မသိရအောင် အခွင့်ပေးလိုက်ရတယ်။ သူက မနက်ကျမှ သရဏဂုံတင်ဖို့ သူ စီမံပေးပါ့မယ် ဒါနဲ့ တစ်ခါတည်း ဥတိုကို ညတွင်းချင်း ပြောင်းပြေးကြတာပဲ၊ ကိုမြင့်မောင်လည်း တောကို တစ်ခါတည်း ဆက်သွားတာပဲ''

''နို့… အကြော့ ဆေးတိုက်ကိုသွားတော့ သူ မနက်ကြီးကတည်းက အိပ်နေတယ် ဆိုပါလား''

''ဒါက အဲဒီနေ့ မနက် မိုးလင်းတော့လေ၊ မအိပ်ရင်လည်း အကြော့ရယ် သေဖို့သာ ရှိတော့မှာပဲ၊ ဘယ့်နှယ် နေ့ရော ညရော ခရီးပြင်းသွားပြီး ဆေးထိုးပေးနေရတာ၊ ပြီး အဲဟိုညက မကြင်ခ ကိစ္စပြီးတော့ တောကို ဆက်သွား၊ ဟိုက မနက်အစောကြီး ပြန်ပြီး ဘုန်းကြီးတစ်ပါးပင့်ပြီး သရဏဂုံ တင်သေးသတဲ့၊ အဲဒီက အပြန် ဆေးတိုက်ကို ခဏဝင်ပြီး အိပ်တာ ဖြစ်လိမ့်မယ်''

အကြော့မှာ ဤစကားများကို ကြားရသည့်အခါ ကိုမြင့်မောင်၏ သနားကြင်နာ မြင့်မြတ်စွာသော စိတ်ထားရှိခြင်း၊ မိမိ၏ အထင်လွဲခြင်းကို သိရပြီဖြစ်၍ ဝမ်းသာလာဖို့ ဖြစ်သော်လည်း ဝမ်းမသာနိုင်ဘဲ ရှိလေ၏။

မိမိ မစူးစမ်း မဆင်ခြင်ဘဲ ပြုမိလေပြီ။ ကိုသက်ထွန်းအား ပေးမိသော ကတိကို ယခုမှ ပြန်နုတ်လျှင် ဖြစ်ပါဦးမည်လော၊ မည်သို့ ပြန်၍ နုတ်ရပါ မည်နည်းဟု တွေးတောဖွယ် ပေါ်သည့်အလျောက် တွေးတောခြင်းပြုရာ တွေးတောလေလေ ခက်လေလေ ဖြစ်၍ မျက်ရည်များ မကျအောင် မနည်းပင် ဣန္ဒြေဆည်၍ ထားရလေ၏။ အတန်ကြာမှ –

''မခင်လှတို့နဲ့ နောက် ဘယ်လို တွေ့ကြတာလဲ၊ သူ မမာနေဘူးဆို''

''ဟုတ်တယ်၊ မမာတာ မဟုတ်ပါဘူး၊ ကျွန်မတို့နဲ့ တွေ့ပုံက ဒီလို၊ တခြားရွာတွေမှာ သူလျှောက်ပြီး ဆေးထိုးပေးနေတော့ ဥတိုမှာ ရောဂါတွေ ဘာတွေ မရှိသေးဘူး။ နောက် ဖြန့်းခနဲ ရောဂါတွေ ဆက်လာတယ်။ သေလိုက်တာမှ အကြော့ရယ်၊ မပြောချင်ပါဘူး။ အမေတော့ ကုသိုလ်ကံ ကောင်းလို့ ပျောက်သွားပါပြီ။ ဒါလည်း ကိုမြင့်မောင် ကျေးဇူးပဲ၊ ရောဂါ ပျံ့လာလို့ နှစ်ရက်လောက်ကြာတော့ သူ ရောက်လာတာပဲ၊ အဲဒီမှာ တစ်ခါတည်း နေ့ရော ညပါ ဆေးထိုးပေးရတာပဲ၊ သူနဲ့အတူတူ တခြားဆရာဝန်

mgyaoe.com

mgyoe.com SAMPLE BOOK 

နှစ်ယောက်တော့ ပါလာပါရဲ့၊ နို့ပေမဲ့ သူတို့ကတော့ ဖားနေပြီ၊ ကျုပ်တို့ကတော့ မလိုက်နိုင်တော့ဘူး ဆိုပြီး ဟိုဘက်ရွာမှာ ညအိပ်ကျန်ရစ်ကြတယ်၊ ဒါနဲ့ သူ တစ်ယောက်တည်း ဒိုင်ခံပြီး ကုနေရတော့ ခများ မအားရရှာပါဘူး အကြော့ရယ်။

ဒီကြားထဲမှာ နောက်ဆရာဝန်တွေ လိုက်လာပြီး အမှိုက်သရိုက်တွေ မီးရှို့ခိုင်းပါရော၊ ရွာသားတွေကလည်း ရှို့တာပေါ့၊ ရှို့ရာက မီးထလောင်တာပဲ၊ အနားက ဦးဘိုးကူးဆိုတဲ့ သူဌေးအိမ်ကို စပြီး လောင်တာပဲ၊ ဦးဘိုးကူးကလည်း ဒူလာငန်းဖမ်းနေလို့ အိပ်ရာက မထနိုင်ဘူး၊ မီး မီး ဆိုတော့ လူမမာစောင့်တဲ့ လူတွေအကုန် ကမန်းကတန်း ဆင်းပြေးလာကြတော့တာပေါ့၊ နောက်မှ ဦးဘိုးကူးကို သတိရလို့ အော်ကြ ဟစ်ကြတော့ အိမ်ကို စွဲနေပြီ၊ အားလုံး လက်ပိုက်ပြီး ကြည့်နေကြတယ်၊ အဲဒီ အတောအတွင်းပဲ ကိုမြင့်မောင်ရောက်လာပြီး တစ်ခါတည်း အိမ်ပေါ် တက်တာပဲ၊ အို… လူတွေဆိုတာ မပြောနဲ့တော့။ ဘုရား ဘုရားနဲ့ နေတာပဲ၊ နောက် ဦးဘိုးကူးကို မီးထဲက ထမ်းပြီး ထွက်လာတယ်၊ ရပ်နေတဲ့ လူတွေကို ဦးဘိုးကူးကို တစ်ဆင့် လှမ်းပြီးပေးလိုက်လို့ သူလည်း မီးထဲက ထွက်လာမယ်လည်း လုပ်ရော တစ်ခါတည်း တိုင်ကြီးတစ်လုံး ဝုန်းခနဲ ကျလာတာ ခြေထောက်နဲ့ သီသီကလေးပဲ လိုသွားတယ်။ သူလည်း လဲကျသွားတာပဲ၊ ဒါနဲ့ ပြေးပြီး ဆွဲထူကြတော့ ခြေထောက် လည်သွားပြီး လဲတဲ့နေရာမှာ သံပြားစောင်းကြီးကအောက်က ခံနေတော့ ရှလိုက်တာ နဖူးနဲ့ပါးကို ကန့်လန့်ဖြတ်ကြီး ဖြစ်နေတာတွေ့ရတယ်။ ကံကောင်းလို့ မျက်လုံး ပေါက်မသွားတယ်၊ သူလည်း သတိမရတော့ဘူးပေါ့လေ၊ အဲဒါနဲ့ ကျွန်မတို့အိမ်ပေါ် ဆွဲတင်သွားရတယ်၊ အဲဒါ အခုထက်ထိ မျက်လုံးကို ကောင်းကောင်း မဖွင့်နိုင်သေးဘူး၊ အနာတော့ ကျက်လုနီးပါပြီ။ ခြေထောက်တော့ ဒီတစ်သက်မှာ ကောင်းကောင်း ထောက်နိုင်တော့မှာ မဟုတ်ဘူး။

'အဲဒါနဲ့ သူ့ကို ဒီဆေးရုံပို့မယ် လုပ်တော့ နေပါစေတဲ့၊ မြို့ပေါ်မှာ လူမမာတွေ ဆရာဝန် မနိုင်အောင် ဖြစ်နေတာ သူတစ်ယောက်သွားရင် အပိုတာဝန်ပေးရာ ကျနေပါ့မယ်တဲ့၊ တကယ်လို့ ပို့ချင်းပို့ရင် ဦးဘိုးကူးကို ပို့လိုက်ပါဆိုလို့ ဦးဘိုးကူးကို ဒီဆေးရုံ ပို့ထားရတယ်။ သူ့တော့ဖြင့် ရွာက ဝိုင်းပြီးရှိခိုးတာပဲ၊ ရွာမှာရောက်နေတဲ့ ဆရာဝန်တွေကလည်း အံ့ရော အံ့ရော သိပ်

mgyoe.com

mgyoe.com SAMPLE BOOK

သတ္တိကောင်းတာပဲ၊ ကျွန်တော်တို့သာဖြင့် သူ့လို လုပ်ဝံ့မှာ မဟုတ်ဘူးလို့ ပြောကြတယ်''

အကြော့မှာကား ဆက်၍ မကြားဝံ့အောင်ပင် ရှိလေ၏။ ဆက်၍ ကြားရလျှင် ရတ်တရက် ရူး၍ သွားလိမ့်မည်ဟုပင် အောက်မေ့မိလေ၏။

သို့သော် မခင်လှမှာ ပြောစရာ မကုန်သေးသကဲ့သို့ -

''အဲဒီလို မေ့တစ်ချက် မြောတစ်ချက်နဲ့ သူများအတွက် စွန့်စားခဲ့လို့ အသက်ဘေးကြီးကိုတောင် စိုးရိမ်နေရတဲ့ အထဲမှာ သတိရလာတိုင်း အကြော့ အကြော့နဲ့ အကြော့ကိုချည်း တတနေတာပဲ။ ကျွန်မဖြင့် မျက်ရည်တောင် ကျမိတယ်၊ ကျွန်မက အကြော့ဆီ အကျိုး အကြောင်း စာရေးပြီး ပေးမယ်လေ လို့ ပြောတော့ 'မလုပ်ပါနဲ့ မခင်လှ၊ မလုပ်နဲ့၊ သူ့ဖခင်ကြီးဆီမှာ ကတိကြီး ခံထားတာ ရှိတယ်၊ သူ့ဖခင်ကြီး မရှိပြီရယ်လို့ ကတိမဖျက်ပါရစေနဲ့'လို့ သူက အတန်တန်ပြန်ပြီး တောင်းပန်နေသေးတယ်။ ဒါကြောင့် ကျွန်မလည်း သူ့ကို မဆန့်ကျင်ချင်တာနဲ့ အသာကလေး နေခဲ့ရတာပဲ။

အဲ... တစ်နေ့ကတော့ 'မခင်လှ၊ ကျွန်တော်တော့ မျက်လုံးကို ကောင်းကောင်းဖွင့်လို့ မရသေးဘူး၊ ဒီနေ့ အကြော့ဆီကို စာကလေးတစ်စောင် ရေးချင်တယ်၊ မခင်လှပဲ ရေးပေးစမ်းပါ၊ ကျွန်တော် ပါးစပ်က ပြောပြပါ့မယ်လို့ ပြောတာနဲ့ ကျွန်မက ကဲ... ကဲ ကိုမြင့်မောင် ရေးချင်တာကိုပြော၊ ကျွန်မ အကြော့ဆီ အရောက် ပို့ပေးမယ်လို့ ပြောပြီး စာရွက် ယူလာတယ်'

ဒီတော့ 'သူက ရှိသေစွာ အစီရင်ခံပါသည် ဒေါ်လေးခင်ဗျာ' လို့ စပြီး အရေးခိုင်းတာကိုး၊ ကျွန်မလည်း အံ့သြသွားပြီး ဘယ့်နှယ်လဲ အကြော့ဆီ ရေးမယ်ဆိုပြီး ဘယ့်နှယ် ဒေါ်လေးဆီ ရေးရတာလဲလို့ မေးတာပေါ့။

ဒီတော့ သူက 'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အကြော့ဆီကို ဘာစာမှ ရေးခွင့် မရှိဘူး၊ ရေးစရာ ရှိရင် ဒေါ်လေးက တစ်ဆင့် ရေးရမယ်၊ ဦးက ဒီလိုတော့ တိုက်ရိုက် မှာမသွားဘူး။ နို့ပေမဲ့ ဒီသဘောပါပဲ၊ ဒါကြောင့် ခံယူထားတဲ့ ကတိ မဖျက်ချင်ဘူး၊ ရေးပါ၊ ဒေါ်လေးဆီပဲ တစ်ဆိတ်ရေးပေးပါ' လို့ ပြောတယ်။

ကျွန်မဖြင့် သိပ်အံ့သြတာပဲ၊ ဒီလူဟာ ဘုရားလောင်းမို့ အခုလောက် တောင် သစ္စာကတိ တည်မြဲရတာလားလို့ အောက်မေ့တာပဲ၊ သူပြောတဲ့အတိုင်း ကျွန်မ ရေးလိုက်တယ်၊ နောက်တော့ ဘကြီးအောင်ဒွန်းကို လွှတ်လိုက်ရတာပဲ။

mgyoe.com

နောက် ဘကြီးအောင်ဒွန်းလက်ထဲမှာ စာပါလာလို့ ကိုမြင့်မောင်ကို ပြောပြတော့ 'မခင်လှ တစ်ဆိတ် ဖတ်ပြစမ်းပါ၊ ကျွန်တော် ကိုယ်တိုင် ဖတ်ချင်ပေမယ့် မျက်စိက ဖွင့်လို့ မရဘူး'လို့ ဆိုတာနဲ့ ကျွန်မလည်း ဖွင့်ဖတ်လိုက်တော့ အကြော့ သူ့ကို ပယ်လိုက်တာကို တွေ့ရတာပဲ၊ သူကတော့ အတော်ကြာ စဉ်းစားပြီးမှ 'မခင်လှ၊ တစ်ဆိတ်ကျေးဇူးပြုပြီး တစ်ခေါက် ပြန်ဖတ်လိုက်စမ်းပါဦး'လို့ ဆိုတာနဲ့ ကျွန်မလည်း နောက်တစ်ခေါက် ဖြည်းဖြည်း ဖတ်ပြတယ်။ အတော်ကြာကြီးပဲ စကား မပြောဘူး၊ နောက်တော့မှ 'အင်း… ကိုသက်ထွန်းတော့ ကံကောင်းတာပဲ'လို့ ပြောတယ်၊ ကျွန်မလည်း သူ ဘာပြောမလဲလို့ စောင့်စားနားထောင်နေတာ၊ သူ့အတွက်တော့ ဘာမှ မပြောဘဲ ကိုသက်ထွန်း ကံကောင်းတာသာ ပြောသံ ကြားရတော့ သိပ်ပြီး အံ့သြသွားတယ်။

အကြော့ကို ဆုံးရှုံးရတဲ့အတွက် သူ့မှာ ဘယ်လိုများ ထူးခြားသွားသလဲလို့ ကျွန်မလည်း စောင့်ကြည့်နေတာပဲ၊ တော်တော်ကလေးကြာတော့ 'မခင်လှ၊ မခင်လှ' လို့ လှမ်းပြီး ခေါ်နေပြန်တာနဲ့ 'ရှင်' လို့ ထူးလိုက်တော့ 'တစ်ဆိတ် အကြော့ပေးလိုက်တဲ့ စာရွက်ကလေးကို ပေးစမ်းပါ၊ ကျွန်တော့် မျက်စိ ပြန်ကောင်းလာတော့ ဖတ်ချင်တယ်' လို့ အသံတုန်တုန်ရီရီနဲ့ ပြောတာနဲ့ ကျွန်မလည်း လက်ထဲ ထည့်လိုက်တယ်။ စာရွက်ကလေးကို ရင်ဘတ်ပေါ် တင်ပြီး မလှုပ်မယှက်နေလိုက်တာ အကြော့ရယ် အကြာကြီးပဲ၊ အတော့်ကို ကြာတယ်၊ နောက်တော့မှ 'မခင်လှ' လို့ ခေါ်ပြန်တယ်၊ ပြီး ဘာပြောတယ် မှတ်သလဲ။

'မခင်လှ၊ မခင်လှ အကြော့ဆီရောက်အောင် မသွားနိုင်ဘူးလား၊ ကျွန်တော် တစ်ခု ပေးလိုက်ချင်တယ်' လို့ ပြောတာကိုး၊ ကျွန်မက 'ကိုမြင့်မောင် သွားစေချင်ရင် သွားပေးမှာပေါ့၊ ပေးချင်တာ ပေးလေ' လို့ ပြောတော့ သူ့လက်က လက်စွပ်ကို ချွတ်ပေးတယ်၊ ပြီး 'ဒါ ကျွန်တော့် အမေရဲ့ အမွေအနှစ်ပဲ၊ ကျွန်တော့်မှာ ဒါထက် အဖိုးတန်တာ၊ အမြတ်တနိုးထားတာ မရှိဘူး၊ မူလကတည်းက အကြော့အတွက် ရည်မှန်းလာခဲ့တယ်၊ အဲဒါ ကျွန်တော်က လက်ဖွဲ့လိုက်တဲ့ အကြောင်း ပြောပြီး ပေးစေချင်ပါတယ်၊ တခြား ထွေထွေရာရာ မပြောပါနဲ့၊ သူ စိတ်မကောင်း ဖြစ်နေလိမ့်မယ်၊ အကြော့ စိတ်မကောင်း နည်းနည်းမှ မဖြစ်စေချင်ဘူး၊ ကျွန်တော့်အကြောင်း မေးရင်

mgyoe.com

mgyoe.com


မင်္ဂလာဆောင်ကို လူကိုယ်တိုင် မလာနိုင်တဲ့ အကြောင်းရှိနေလို့ မှာလိုက်တဲ့ အကြောင်းလောက်သာ ပြောပြပေးပါ၊ ပြီး ဦးဘိုးကူးဆီကလည်း ဘယ်လိုမှ သတင်း မရဘူး၊ အဲဒါလည်း ဝင်ပြီး မေးခဲ့ပါဦး၊ ကျွန်တော့်အကြောင်း အကြော့ကို မေးရင် မလာနိုင်တဲ့ အကြောင်းလောက်သာ ပြောပါ၊ ပြီး ဘယ်တော့ လက်ထပ်မယ်ဆိုတဲ့ဟာလည်း သိပါရစေတဲ့၊ ရော့ လက်စွပ်ဆိုတာ ဒါပဲ၊ သူ့လက်က ချွတ်ပေးလိုက်တာ၊ အကြောင်းအစုံအလင်တော့ ကျွန်မတော့ မနေနိုင်လို့ အကုန် ဖွင့်ပြောတာပဲ၊ အကြော့ကို ဒီလို ဖွင့်ပြောတာ သူသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မ ပြောရရင် ဟစ်ငိုမိမလား မပြော တတ်ဘူး၊ သူ ဒီလိုပြောနေတာတွေ ကြားရတော့ ကျွန်မဖြင့် ရင်ထဲမှာ အလိုလို လှိုက်လှိုက်ပြီး ဝမ်းနည်းလာတာပဲ၊ အကြော့တော့ဖြင့် ဘယ်လိုနေမယ် မသိဘူး''

အကြော့မှာကား မိမိ၏ အမှားကို သိမြင်စကပင် မျက်ရည်များ ရစ်ဝဲလျက်ရှိပြီး ဖြစ်လေ၏။ မိမိ၏ စာကိုရ၍ ကိုမြင့်မောင်တွင် အရေးနိမ့် လေပြီဟု သိသည့်တိုင်အောင် မိမိ၏ အပေါ်၌ အချစ်မပြယ်သေး၊ တစ်သက် တွင် အမြတ်တနိုး ထားခဲ့သော လက်စွပ်ကလေးကို ချွတ်၍ ပေးလိုက်ကြောင်း ကြားသိ တွေ့မြင်ရသော အခါ၌မူကား ဣန္ဒြေမဆည်နိုင်တော့ဘဲ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိလေ၏။

''အကြော့မှားပြီ၊ အကြော့ အထင်လွဲမိပြီ''

ဟူသော အသံများသည် ရှိုက်သံများကြားမှ သနားဖွယ်ရာ ထွက်ပေါ် လာလေ၏။

မှိတ်ထားသော မျက်စိများသည် ကိုမြင့်မောင်၏ မြင့်မြတ်သော မျက်နှာ အမူအရာကို ထင်ရှားစွာ မြင်နေရလေ၏။ တစ်ဖန် ကိုသက်ထွန်း၏ မျက်နှာကို လည်းကောင်း၊ ဖခင်ကြီး၏ မျက်နှာကို လည်းကောင်း မြင်ရပြန် လေ၏။ ကိုမြင့်မောင်သည် မိမိ ဖခင်ကြီး မိန့်မှာသွားသော စည်ကမ်းချက် တို့ကို မည်သည့် အခါမျှ ဖောက်ဖျက်ဖူးသည် မရှိ။ ဖောက်ဖျက်သည်ဟု မိမိတို့ ယူဆမည်စိုး၍ပင် မိမိတို့ထံ ရှင်းလင်းဖော်ပြချက် စာတစ်စောင် သော်မျှ ရေးပေးခြင်း မရှိခဲ့။ ထိုမျှလောက်ပင် စိတ်ချယုံကြည်ရသူတစ်ယောက် ဖြစ်ပါလျက် မိမိ အထင်လွဲမှားမိလေပြီ။ စင်စစ်သော်ကား ကိုသက်ထွန်းသည် မကြင်ခ ကလေးအား သေစေခဲ့သူ ဖြစ်၏။ မိမိ ဖခင်၏ စကားကို ကျူးလွန်ကာ

mgyoe.com

mgyoe.com
SAMPLE BOOK

မိမိအား ၄င်းကို ကြိုက်ရန် သွေးဆောင်ခဲ့သူ ဖြစ်၏။ ကိုသက်ထွန်းတွင် ကိုမြင့်မောင်၏ စွန့်စားစိတ်၊ အနာခံစိတ်၊ မေတ္တာစိတ်မျိုး မရှိ၊ သို့ဖြစ်၍လည်း မိမိ ဖခင်ကြီးက ကိုသက်ထွန်းထက် ကိုမြင့်မောင်အား ပိုမို၍ ချီးမွမ်းခဲ့၏။ ယခုသော် မိမိမှာ သူတော်ကောင်းကြီး တစ်ယောက်ကို အထင်လွဲခဲ့လေပြီ။ ပြစ်မှားခဲ့လေပြီ၊ မီးပုံကြီးကို ပစ်၍ ပိုးစုန်းကြူးမှ မီးညှိရန် ကြံမိမှားခဲ့လေပြီ၊ ယခု မည်ကဲ့သို့ ပြုရတော့မည်နည်း။ ကိုသက်ထွန်းအား ငြင်းပယ်လိုက်ရမည်လော၊ ကိုသက်ထွန်း လူကြီးစုံညီနှင့် လာရောက်တော့မည့် အချိန်မှာ နာရီပိုင်းလောက်သာ ရှိချေတော့သည် စသဖြင့် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ တွေးတောမိသောကြောင့် သာ၍ပင် အတွေးရ အကြံရကျပ်ကာ ရှိုက်၍ရှိုက်၍သာ ငိုကြွေးရလေတော့၏။

မခင်လှလည်း အကြော့အား တစ်စုံတစ်ရာ အားပေးခြင်း မပြုနိုင်ဘဲ မျက်ရည်ကလေးများ ဝဲလျက် ကြည့်နေမိလေ၏။ အကြော့သည် ကိုသက်ထွန်းအား တောင်းရမ်းလှည့်ပါတော့ဟု ပြောလိုက်ခြင်းမှာ ကိုမြင့်မောင်ကို မုန်း၍ မဟုတ်၊ အထင်လွဲ၍ ပြောမိခြင်းသာ ဖြစ်ကြောင်းကို ကောင်းစွာ ရိပ်မိလေ၏။ ယခု ကိုမြင့်မောင်၏ အကြောင်းကို ကောင်းစွာ သိရသောအခါတွင် အကြော့မှာ ကိုသက်ထွန်းအပေါ်၌ စကားလွန်မိနေသည် ဖြစ်၍ မချိတရိ ဖြစ်နေရှာသည်ကို ကောင်းစွာ သိလေ၏။ သို့သိသည့်အလျောက် အကြော့အား များစွာ ကူညီချင်လေ၏။ သို့သော် မည်သို့ ကူညီရမည်ကို စဉ်းစား၍ မရသဖြင့် ဒေါ်လေးနှင့် တိုင်ပင်ရသော် ကောင်းအံ့ ဟူသော အတွေးဖြင့် အောက်ထပ်သို့ ဖြည်းညင်းစွာ ဆင်း၍ လာခဲ့လေ၏။

အကြော့မှာမူ အထင်မှားခြင်း၊ အဆုံးဖြတ်လွဲခြင်း တို့ကိုသာ အဖန်တလဲလဲ အပြစ်တင်ကာ ညနေဘက် ကိုသက်ထွန်းလာလျှင် မည်သို့ ပြုလုပ်ရပါမည်နည်းဟု မျက်ရည်စက်လက်ဖြင့် စဉ်းစားနေရသည့်အတွက် မခင်လှ မိမိ၏ အပါးမှထ၍ သွားသည်ကိုပင် မသိလိုက်ဘဲ ရှိလေ၏။

မည်မျှလောက် ကြာမြင့်စွာ ရှိုက်ကြီးတငင် ငိုယို၍ နေမိသည် မသိ၊ မိမိ၏ ပခုံးပေါ်သို့ လက်တင်ပြီး ကိုယ်ကိုလှုပ်ကာ 'တူမကြီး တူမကြီး' ဟု ခေါ်သံကြားမှ ဒေါ်လေးရောက်လျက် ရှိခြင်းကို သိမြင်တော့လေ၏။

''တူမကြီး ဒီလောက်တောင် ဝမ်းနည်းမနေပါနဲ့''

mgyoe.com

ဟု ဒေါ်လေးဖြစ်သူက ပြောနေသည့်တိုင်အောင် အကြော့မှာ မျက်ရည်တွေတွေကျလျက် ရှိုက်ကြီးတငင် ငိုယိုလျက်ပင် ရှိလေ၏။

"ဟုတ်သားပဲ အကြော့ရယ်၊ ဒီလောက်တောင်ပဲ ဝမ်းနည်းမနေပါနဲ့၊ စိတ်ကိုဖြေမှပေါ့" ဟု မခင်လှက ဝင်၍ ပြောလေရာ ၄င်း၏ အသံမှာ အလွန် တုန်ရီ၍ နေလေ၏။

ဒေါ်လေး၏ လက်သည် အကြော့၏ ကျောပြင်ကို ညင်သာစွာ ပွတ်သပ်လျက် ရှိလေ၏။ ထိုမှတစ်ဖန် မိမိတူမ ပူဆွေးသောက ရောက်နေခြင်းကို မသိရှာသည့်အလျောက် ခါတိုင်းကဲ့သို့ပင် ရွှင်ရွှင်ပျပျမှုတ်၍ နဖူးပြင်ပေါ်၌ လှပဝေဆာစွာ ပျံ့ဝဲ ပြန့်ကျဲနေကြသော ဆံပင်ကလေးများကို သိမ်းသွင်း၍ ပေးလေ၏။

"တူမကြီး ဘယ်လို စိတ်ကူးသလဲ အဒေါ်တို့ကို ပြောပြဦး"

ဟု ဒေါ်လေးက ဖြည်းညင်းစွာ မေးလေ၏။

"အကြော့တော့ မပြောတတ်ဘူး ဒေါ်လေးရယ်၊ ဒေါ်လေး ဘယ်လို သဘောရသလဲ"

"ဒါက တူမကြီး ကိစ္စကိုအေ့၊ တူမကြီးပဲ ပြောမှပေါ့"

အကြော့သည် မည်ကဲ့သို့ ပြုလုပ်ရမည်ကို မသိ၊ မကြံတတ် မစည်တတ်၊ ကိုမြင့်မောင်အပေါ်တွင် အထင်လွဲမှားမိခြင်းအတွက် များစွာ ယူကျုံးမရ ရှိနေခြင်းကိုသာ သိလေ၏။

"အကြော့ ဘယ်လို သဘောရတယ်ဆိုတာ ပြောလေ၊ ဒီတော့ ဒေါ်လေးကလည်း သူ့အကြံအစည်ကို ပြောပြလိမ့်မပေါ့"

ဟု မခင်လှက ဝင်၍ ထောက်လေ၏။

အကြော့သည် မျက်ရည်များ ဝဲလျက်ရှိသော မျက်လုံးများဖြင့် နှစ်ယောက်စလုံးကို ကြည့်ကာ ခေါင်းခါလေ၏။

"ကဲ… ဒါဖြင့် ဒေါ်လေးစီမံရာ နာခံမလား"

ဟု မေးရာ အကြော့သည် ခေါင်းညိတ်၍ ပြလေ၏။ ဤတွင်-

"ကိုင်း… ဒါဖြင့် မောင်သက်ထွန်းကိုလည်း ပြောပြီး ဆိုပြီးဖြစ်နေပြီ၊ အခု ၄နာရီအတွင်းမှာ လူကြီးစုံညီနှင့် လာကြတော့မယ်၊ ဒီတော့ အားလုံး မျက်နှာပျက်စရာ ဖြစ်ကုန်လိမ့်မယ်၊ ဂုဏ်နဲ့သရေနဲ့ နေကြတဲ့ လူတွေဖြစ်တော့ စကားဖျက်လို့ မတော်ဘူး၊ မောင်သက်ထွန်းမှာလည်း

mgyoe.com

mgyoe.com 
SAMPLE BOOK


နောက်ဆုံးမတော့ အကြော့တို့ အဖေက တော်တယ်ရယ်လို့ ဝင်ခွင့်၊ ထွက်ခွင့် ပေးထားတဲ့ လူငယ်တစ်ယောက်ပဲ၊ ဒါကြောင့် တူမကြီး ရွေးချယ်ပြီး ဖြစ်မိတဲ့ အတိုင်း သူ့ကိုပဲ ပေါင်းသင်းပေတော့၊ မောင်မြင့်မောင်အတွက်တော့ အကြော့ကို တစ်သက်လုံး မိတ်ဆွေကြီး တစ်ယောက်အဖြစ်နဲ့ စောင့်ရှောက်မှာပဲ''

ဟူ၍ ဒေါ်လေးဖြစ်သူက ပြောသည့်တိုင်အောင် အကြော့မှာ မတုန် မလှုပ် ကျောက်ရုပ်အသွင် ရှိနေသည့်အတွက် -

''ဘယ့်နှယ်လဲ အကြော့ရဲ့၊ အကြော့ သဘောကိုလည်း ပြောဦးလေ''

ဟု ထပ်၍ မေးလေ၏။

''အကြော့ မပြောတတ်ဘူး၊ အကြော့ မှားပြီ၊ အကြော့ သူ့ကို အထင်မှားမိပြီ၊ အကြော့ သူ့ကို ဘယ်လို တောင်းပန် ဝန်ချရမလဲ၊ အကြော့ သူ့ကို တွေ့ချင်တယ်၊ တွေ့ပြီး... တွေ့ပြီး တောင်းပန်ဝန်ချချင်တယ်''

ဟု လွန်စွာ တုန်ရီသော အသံဖြင့် ပြောလေ၏။

''ဒါကတော့ လွယ်ပါတယ် တူမကြီးရယ်၊ သူမာလာတော့ ခေါ်တာ ပေါ့၊ သူ့မှာလည်း မိတ်ဆွေ အရင်းအချာအဖြစ်နဲ့ ဆက်လက် စောင့်ရှောက်ဖို့ တာဝန်က ရှိသေးတာ၊ မလာဘဲ ဘာနေနိုင်မလဲ လာမှာပေါ့၊ လာတော့ တူမကြီး ပြောချင်တာ ပြောတာပေါ့၊ ဒီနေ့ ညနေတော့ တူမကြီး ဒါတွေ မေ့ပျောက်ပြီး...''

''အို... အကြော့ ဘစ်သက်လုံး မေ့နိုင်မှာ မဟုတ်ဘူး၊ အကြော့ မှားပြီ၊ လူကဲခတ် လွဲပြီ၊ အကြော့ တစ်သက်လုံး... တစ်သက်လုံး''

ဟူ၍ ဆက်ပြီး မပြောနိုင်ဘဲ ရှိုက်၍ ရှိုက်၍ ငိုနေသည့် အတွင်း-

''အဲဒါကြောင့် တစ်သက်လုံး စိတ်ဒုက္ခ မရောက်ရအောင် မေ့ဖျောက် ပစ်လိုက်ပါလို့ ဒေါ်လေးပြောတာပေါ့၊ အကြော့ ဒီလို နောင်တတစ်ဖန်ရလို့ မောင်မြင့်မောင်ကို တောင်းပန်ချင်တယ်ဆိုရင် နောင် အေးအေးလူလူရှိတော့ တောင်းပန်တာပေါ့၊ ကဲ... တိတ်ပါတော့ တူမကြီးရယ် တိတ်ပါ''

ဟု အတန်တန် ချော့မော့လျက် နေသောကြောင့် အကြော့မှာ ဇက်ကို ချိုးနှိမ်ထားဘိ သကဲ့သို့ ခေါင်းကလေးကို ငုံ့ထားပြီးလျှင် ရှိုက်၍သာ နေလေ၏။

သို့ဖြင့် ၁၂ နာရီ ထိုးခဲ့လေ၏။ ကိုသက်ထွန်း လူကြီးများနှင့် လာရောက်မည့် အချိန်မှာ လေးငါးနာရီမျှသာ လိုတော့ရာ ယခုမှ ကိုသက်ထွန်း ကို မယူနိုင်တော့ပြီဆိုလျှင် မဖြစ်နိုင်တော့ပြီ ဖြစ်သောကြောင့် မိမိအမှား၏

mgyoe.com

mgyoe.com
SAMPLE BOOK


ဒဏ်ကို မိမိ တစ်သက်လုံး တစ်ဦးတည်း ကျိတ်၍ ခံယူဖို့ရန် စိတ်ပိုင်းဖြတ်လျက် ဤတစ်သက်တွင်လည်း ဤရက် ဤအခါမှစ၍ မိမိအဖို့တွင် ပျော်ရွှင်ဖွယ် မရှိပြီ၊ မိမိမှာ လင်စံရွေးခါမှ လင်ခွေးနှင့် ညားရတော့မည် ဖြစ်သဖြင့် လင်ဆိုးမယား တဖားဖား ဟူသော စကားမှာ မိမိအဖို့ မည်မျှလောက် ဟုတ်မှန်မည်ကို အတည်တကျ မသိရတိုင်း များစွာ စိတ်လက်လေးလံ၍ နေလေ၏။ ထိုလေးလံသော စိတ်သည် ယနေ့ တစ်နေ့အတွက်သာ မဟုတ်၊ တစ်သက်ပတ်လုံးအတွက် ဖြစ်ပါတကား ဟူ၍ စဉ်းစားကြည့်မိသည့်အခါတွင်ကား မျက်ရည်ပေါက်ကြီးများသာ တဖြိုင်ဖြိုင် စီးဆင်းလာတော့လျက် ပင့်သက်ကလေးကိုသာ အနိုင်နိုင် ရှုရလေတော့၏။

နောက်ဆုံး အကြော့၏ ခေါင်းကလေးထောင်၍ မျက်နှာကလေး ပေါ်လာသည်ကို တွေ့မြင်ရသောအခါ အကြော့သည် မိမိ၏ စိတ်နှင့် မိမိ၏ ကိုယ်ကို တစ်ခုစီခြားလျက် စိတ်ကို ကိုမြင့်မောင်အဖို့၊ ကိုယ်ကို ကိုသက်ထွန်းအဖို့ရာ ထားလိုက်ပြီဟူသော အမှတ်လက္ခဏာကို ပါးနပ်သော ဒေါ်လေးနှင့် သူငယ်ချင်းဖြစ်သူ မခင်လှတို့မှာ ထင်လင်းစွာ မြင်ကြရသည့်အတွက် ရင်ထဲ၌ ဆို့တက်လာမိသည်ကိုပင် ကာယကံရှင် မသိအောင် နှစ်ဦးသား ကျိတ်ပြီး ဖိနှိပ်၍ ချလိုက်ရလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# ၅

## ဤတစ်ယောက်၏ ပျော်ရွှင်ခြင်း

ကိုသက်ထွန်းမှာကား အတိုင်းမသိ ပျော်ရွှင်လျက် ရှိနေပေ၏။ ဣန္ဒြေ သိက္ခာနှင့် လိမ္မာရေးခြား သားနားလှပစွာရှိသော ဤမိန်းမပျိုကလေး တစ်ဦးအား မယားအဖြစ်ဖြင့် ချောမောစွာ ရရှိခဲ့ခြင်းသည် ၎င်း၏ အဖို့ရာ၌ ဤတစ်သက်တွင် မနှိုင်းယှဉ်ရာသော လာဘ်ထူးကြီးကို ရရှိခဲ့ခြင်းပင် ဖြစ်သောကြောင့် ထူးကဲစွာ ပျော်ရွှင်နေခြင်း ဖြစ်လေ၏။ ကိုမြင့်မောင်နှင့် နှစ်ယောက် ယှဉ်ပြိုင်၍ အရွေးခံရာတွင် ၎င်းအား အကြော့က အနိုင်ပေး၍ ရွေးချယ်ခြင်းသည် လူ့စွမ်းလူ့စ ကူမှုကြောင့် ဖြစ်သည့်အပြင် အကြော့ ကိုယ်တိုင်က ၎င်း၏ အပေါ်၌ စေတနာ အထူးညွတ်၍ ဖြစ်သည်ဟု ယူဆလေ၏။ ယခုသော် ယခင်က တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်နေရသော အကြော့ကို လုံးဝ ပိုင်ဆိုင်လေပြီ ဖြစ်သောကြောင့် လောကတွင် တောင့်တဖွယ်ရာ မရှိ၊ ပူပန်ဖွယ်ရာ မရှိ၊ မိမိ ရည်ရွယ်ချက် ပြည့်ပြီတကားဟု အားရဝမ်းသာ ဖြစ်နေရှာခြင်း ဖြစ်လေ၏။

အကြော့မှာကား မိမိ အဖြစ်ကို မိမိသာလျှင် သေချာစွာ သိသောကြောင့် များစွာ ဝမ်းနည်းလျက် ရှိနေလေ၏။ ဖခင်ဖြစ်သူက ဤနှစ်ဦးတွင်

mgyoe.com

mgyoe.com  SAMPLE BOOK 

တစ်ဦးဦးနှင့် အကြောင်းဆက် ပေါင်းဖက်၍ အခြားတစ်ဦးနှင့် မိတ်ဆွေဖြစ် ဆက်ဆံရစ်ဟု ပြတ်ပြတ်သားသား မှာကြားခဲ့သည် ဖြစ်ပါလျက် မိမိမှာ ထိုသို့ ရှင်းလင်း ပြတ်သားစွာ ရွေးချယ်ခြင်း မပြုနိုင်ခဲ့ဘဲ စိတ်ကို တစ်ဦးအား ပေးအပ်လျက် ကိုယ်ကို အခြားတစ်ဦးအား ပေးမိလျက်သား ဖြစ်နေသည်ကို တွေ့ရသောကြောင့် များစွာ စိတ်မချမ်းမသာ ဖြစ်နေရရှာလေ၏။

ကိုသက်ထွန်းမှာ ကိုယ်ကို အပိုင်ရသူဖြစ်၍ ကိုမြင့်မောင်မှာ စိတ်ကို အပိုင်ရသူ ဖြစ်သော်လည်း ကိုသက်ထွန်းသည် မိမိ အပိုင်ရခြင်းမှာ ကိုယ်မျှသာ ဖြစ်သည်ဟု အလျှင်းမသိ၊ ကိုမြင့်မောင်မှာမူ အကြော့၏ မထိမတွေ့နိုင်သော စိတ်ကိုသာလျှင် မိမိ အပိုင်ရကြောင်း မခင်လှက တစ်ဆင့် ပြောပြလျှင် သိရှိနိုင်မည် ဖြစ်လေ၏။

သို့သော် ထိုသို့ ဖြစ်ကြောင်းကို ကိုမြင့်မောင်လည်း သိမည် မဟုတ်။ မူလက ကိုမြင့်မောင်၏ လက်ဖွဲ့ပစ္စည်း လက်စွပ်ကလေးကို မခင်လှ ယူလာရာတွင် ကိုမြင့်မောင်သည် မခင်လှ အခြားအကြောင်းအရာတို့ကို လျှောက်၍ ပြောလိမ့်မည်ဟု မထင်ခဲ့။ တစ်စုံတစ်ရာ ဘာတစ်ခုမျှ မပြောဘဲ လက်ဖွဲ့ပစ္စည်းဟူ၍ ပေးရုံသာ ပေးလျက် မင်္ဂလာဆောင်သို့ လူကိုယ်တိုင် မလာရောက်နိုင်သည့် အတွက် ဝမ်းနည်းကြောင်းလောက်သာ ပြောဖို့ရန် မှာကြားလိုက်ခြင်းဖြစ်၍ မခင်လှသည် 'လက်စွပ်ပေးခဲ့ပါပြီ' ဟူ၍သာလျှင် ကိုမြင့်မောင်အား ပြန်၍ ပြောပြနိုင်လိမ့်မည် ဖြစ်လေ၏။ ထို့ထက်တိုး၍ မိမိ၌ အကြောင်းအမှန်တို့ကို ကြားသိရသည့် အခါ မိမိ၏ အမှားကိုသိ၍ ကြီးစွာ နောင်တရကြောင်းတို့ကို ထည့်၍ မပြောရန် မိမိ၏ ဒေါ်လေးဖြစ်သူက မခင်လှအား အတန်တန် မှာကြား နှုတ်ပိတ်လိုက်သောကြောင့် မခင်လှသည် ထွေထွေထူးထူး ပြောလိမ့်မည် မဟုတ်၊ မပြောလျှင် ကိုမြင့်မောင် သိမည် မဟုတ်၊ ဤမျှလောက် ကြာမြင့်အောင် အချိန်ယူ၍ မိမိ စဉ်းစား ချင့်ချိန်ခဲ့လေသမျှ အလဟဿ ဖြစ်ရလေပြီ တကားဟု များစွာ ဝမ်းနည်းခြင်း ဖြစ်မိလေ၏။

ကိုသက်ထွန်းအား မိမိ၏ စိတ်ကို မအပ်နှင်းနိုင်သည့်အတွက် ဝမ်းနည်းခြင်း မရှိသော်လည်း ကိုမြင့်မောင်အား မိမိကိုယ်ကို သိမ်းယူနိုင်ခွင့် မပေးရဘဲ ရှိသည့်အတွက်သော်ကား များစွာ ဝမ်းနည်းခြင်း ဖြစ်မိပြီးလျှင် ကိုမြင့်မောင်ကို လူကိုယ်တိုင် မမြင်မတွေ့ရစေကာမူ ၎င်း၏ အကြောင်းကို ကြားနေရသော် သက်သာလိမ့်မည်ဟု ထင်မှတ်ကာ မခင်လှ ပေါက်လာပါစေဟု

mgyoe.com

mgyoe.com

ဆုတောင်းမိလေ၏။

မခင်လှ ပြန်သွားသည်မှာ မိမိနှင့် ကိုသက်ထွန်း လက်ထပ်သည့် ညကပင်ဖြစ်၍ ၁၀ ရက်မျှ ကြာရှိခဲ့ပြီ ဖြစ်လေ၏။ သို့သော် ကိုမြင့်မောင်၏ သတင်း ဟူ၍ ဘာသံမျှ မကြားရသည့်အတွက် အကြော့မှာ သာ၍ပင် စိတ်မချမ်းသာနိုင်ဘဲ ရှိပြီးလျှင် ကိုမြင့်မောင်အကြောင်း ပြောနိုင်မည့်သူကိုသာ တွေ့ချင်ဓောဖြင့် တောင့်တနေမိလေ၏။

တစ်နေ့၌သော်ကား -

'အကြော့ ပျင်းရင် မြို့ထဲ ဘာထဲ ထွက်လည်ပါလား၊ ရောဂါဘယ တွေလည်း အရင်ကလို မဟုတ်ဘူး၊ ရှင်းသွားပြီ'

ဟု ကိုသက်ထွန်းက ခွင့်ပေးသွားသောကြောင့် အကြံတစ်ခုရကာ မော်တော်ကားဖြင့် လာခဲ့လေ၏။ မြို့ထဲသို့ ဝင်မိသောအခါ ဆေးရုံဆီသို့သာ တည့်တည့်မတ်မတ်ကြီး မောင်းနှင်လျက် လာခဲ့လေ၏။ ဆေးရုံတွင် ကိုသက်ထွန်းကို မတွေ့ရ၊ မြို့အခြေအနေကို ကြည့်ရန် ထွက်သွားသည်ဟု ဆိုသောကြောင့် လူနာများ ရှိရာသို့ သွားရောက်လေ၏။

ဆရာမမှာ အကြော့ကို ကောင်းစွာ သိသူဖြစ်၍ အကြော့က ဥတို့ရွာမှ ဦးဘိုးကူးကို တွေ့ချင်သည်ဟု ဆိုလိုက်လျှင်ပင် ဦးဘိုးကူးရှိရာသို့ ခေါ်ဆောင်သွားရာ ဦးဘိုးကူးမှာ များစွာ သက်သာနေပြီ ဖြစ်သောကြောင့် ခုတင်ပေါ်၌ ထိုင်၍ နေသည်ကို တွေ့ရလေ၏။

ဆရာမသည် အကြော့ မည်သူ မည်ဝါ ဖြစ်ကြောင်း ပြောပြပြီးလျှင် မိမိ အလုပ်ရှိရာသို့ ထွက်၍ သွားသဖြင့် နှစ်ယောက်တည်း ကျန်ရစ်သည့် အခါ စကားအနည်းငယ် သွယ်ဝိုက်ပြီးလျှင် ကိုမြင့်မောင်၏ အကြောင်းသို့ ရောက်အောင် မေးမြန်းလေ၏။

အဘိုးကြီးမှာ မျက်ရည်များပင် ရစ်ဝဲလာလျက်-

''ဒီသူငယ်ဟာ တကယ့် သူတော်ကောင်းလေးပါ ကလေးမရာ၊ တကယ့် သူတော်ကောင်းပါ၊ ဦးက ဦးကို ကယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ဒီသူငယ် တစ်သက်မှာ အထွတ်အထိပ် မရောက်ဘဲ မသေပါဘူး၊ ရွာတွေ ရွာတွေဟာ သူ့ကြောင့် အသက်ချမ်းသာတာပဲ၊ ဒီက ဆရာဝန်ကြီးများဆီက အကူတောင်းတော့ လူခွဲမရှိဘူးရယ်လို့ ဘယ်သူမှ မလာကြဘူး၊ ရွာမှာလည်း ငိုသံယိုသံတွေဟာ ဆူညံနေတာပဲ၊ ဒီအတောအတွင်း ဒီသူငယ် ရောက်လာပြီး

mgyoe.com

mgyoe.com


နေ့ရော၊ ညရော ကြပ်မတ် ပြုစုတာနဲ့ ရှာတွေအားလုံး ချမ်းသာရာ ရတာပဲ၊ အခုတော့ သူ့ခမျာ မသက်သာသေးဘူးလို့ ကြားရတယ်၊ ဦးလည်း စိတ်မကောင်းဘူး၊ သူ့ကို ရန်ကုန်ဆေးရုံကြီးများတောင် ခေါ်သွားပြီး ကုမယ် ကြံတယ်၊ တစ်နေ့က သူငယ်မလေးလာလို့ သူ့အကြောင်း ကြားရတယ်၊ တော်တော်နဲ့တောင် ထနိုင်မယ် မဟုတ်သေးဘူးတဲ့၊ ဦး အခု ဆေးရုံက ဆင်းချင်တာလည်း သူ့အတွက်ပဲ''

စသည်ဖြင့် ကိုမြင့်မောင်၏ အကြောင်းကို ပြောပြသဖြင့် အကြော့ တွင်လည်း မျက်ရည်များ ရစ်ဝဲလာသည့်အတွက် မနည်းပင် စိတ်ကို ချုပ်တည်း ထားရလေ၏။

မိမိမှာ ဤမျှလောက် မွန်မြတ်သော သူကို ဆုံးရှုံးခဲ့ပြီဖြစ်ရာ ဤတစ်သက်တွင် မည်သည့် နည်းနှင့်မျှ ကိုမြင့်မောင်အား စိတ်ဆန္ဒရှိသည့် အတိုင်း တွေ့နိုင်တော့မည် မဟုတ်၊ သို့သော် ခေတ္တ ခဏမျှ တွေ့မြင်မည် ဆိုက တွေ့မြင်နိုင်၍ တွေ့လည်း တွေ့မြင်လိုသောကြောင့် ကိုသက်ထွန်းအား ညကျလျှင် ကြံဖန်စီစဉ် ပြောဆိုရဦးမည်ဟု အကြံရကာ ဦးဘိုးကူးအား ထိုက်သည့်အားလျော်စွာ နှုတ်ဆက်ပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။

လမ်းတစ်လျှောက်လုံး ကိုသက်ထွန်းအား မည်သို့ ပြောရပါမည်နည်း ဟု စဉ်းစားလာခဲ့သည့်အတွက် အိမ်သို့ ရောက်လျှင် ရောက်ချင်းပင် -

''ဒေါ်လေး ဒေါ်လေး လာပါဦး၊ အကြော့ တိုင်ပင်စရာတစ်ခု ရှိလို့''

ဒေါ်လေးမှာ အကြော့ ကိုသက်ထွန်းနှင့် လက်ထပ်သည့်နေ့မှ စ၍ အကြော့၏ ဖျတ်လတ်ခြင်း မရှိတော့သည်ကို တွေ့မြင်ရသဖြင့် ကျိတ်၍ စိတ်မချမ်းမသာ ဖြစ်နေခဲ့သူဖြစ်ရာ ယနေ့၌မူ ယခင်ကကဲ့သို့ ဖျတ်လတ် ပေါ့ပါး၍ ပြုံးများပင် ပြုံးလျက်ရှိသည်ကို တွေ့မြင်ရသောကြောင့် အတိုင်းမသိ ဝမ်းမြောက်ကာ-

''ဘာလဲ တူမကြီး၊ ဘာများတုံး''

ဟု မေးရင်း အနားသို့ ပြေးလာလေ၏။

''အကြော့ အခုပဲ ဆေးရုံက ပြန်လာခဲ့တယ်၊ မခင်လှ ပြောသွားတဲ့ ဦးဘိုးကူးနဲ့ တွေ့ခဲ့တယ်၊ ကိုမြင့်မောင်အကြောင်းတွေကို ပြောလိုက်တာမှ စုံနေတာပဲ၊ ကိုမြင့်မောင် တော်တော်နဲ့ ထနိုင်မှာ မဟုတ်ဘူးတဲ့၊ ဒီတော့

mgyoe.com

တောမှာထားရင် မစိုးရိမ်ရဘူးလား၊ မြို့ကိုခေါ်ပြီး ကုရင် မြန်မြန်ပျောက်မှာပဲ၊ အကြော့တို့မှာလည်း ပြုစုဖို့ ဝတ္တရားရှိတယ်၊ ကိုသက်ထွန်းမှာလည်း ဝတ္တရား ရှိတယ်၊ ဒါကို ကိုသက်ထွန်းကို ပြောပြချင်တယ်၊ နို့ပေမဲ့ အကြော့ မပြောချင်ဘူး၊ ဘယ့်နှယ်လဲ၊ အကြော့ ပြောတာ''

''အေးပေ့၊ အကြော့အကြံ ကောင်းသားပဲ၊ ဒေါ်လေး စိတ်မကူး မိဘူး၊ ဒါဖြင့် ညနေ မောင်သက်ထွန်း ပြန်လာမှ ပြောရဦးမယ်''

''ဒီအိမ်မှာပဲထားပြီး ကုရအောင်ပြောနော် ဒေါ်လေး၊ သူက ဆေးရုံကို တက်မယ်မထင်ဘူး၊ သူ့တစ်နေရာကို တခြားလူနာကို ပေးပါလို့ ပြောဦးမှာပဲ၊ ဒေါ်လေး ရအောင်ပြောနော်၊ အကြော့ ကိုမြင့်မောင်အပေါ်မှာ အပြစ်တွေကို ဆေးပစ်ချင်တယ်၊ နော်...နော်...နော် ဒေါ်လေး''

''အေးပါ တူမကြီးရယ်၊ ဒေါ်လေး ပြောပါ့မယ်၊ မောင်သက်ထွန်း လည်း မငြင်းတန်ရာပါဘူး''

''ဘယ်တော့ ပြောမလဲ ဒေါ်လေးရဲ့၊ မြန်မြန် ပြောမှ''

''အေးပါ တူမကြီးရဲ့၊ ညနေ ပြန်လာလာချင်း ပြောမှာပေါ့''

ဤတွင် အကြော့ ပေါ့ပါး လျင်မြန်စွာ အိမ်ပေါ်သို့ ပြေး၍ တက်သွား သည်ကို နောက်က ကြည့်နေလိုက်မိလေ၏။ ၎င်း၏ မျက်နှာကလေးမှာ လွန်ခဲ့သော ၁၀ ရက်ခန့်မှစ၍ ငပုပ်ဖမ်းထားသော လစန်းသော်တာကဲ့သို့ ဖြစ်နေရာ ယခုသော် မျက်နှာကလေး ရွှင်လန်းလျက် ကိုယ်ကလေး ပေါ့ပါး လာသည်ကို တွေ့မြင်ရခြင်းဖြင့် အကြော့မှာ စိတ်ပျော်ရွှင်စ ပြုလာပြီဖြစ် ကြောင်း ကောင်းစွာ ရိပ်မိလျက် ဝမ်းသာသလိုလို ဖြစ်မိလေ၏။

သို့သော် မောင်မြင့်မောင်အား မောင်သက်ထွန်းက ခွင့်ပေးသည့် တိုင်အောင် ဤအိမ်၌ထား၍ ဖြစ်နိုင်ပါမည်လော၊ အကြော့သည် မောင်မြင့်မောင် အား ချစ်နေပြီ ဖြစ်ကြောင်းကိုကား ယုံမှားဖွယ်ရာ မရှိ။ သို့ဖြစ်လျက် မောင်မြင့်မောင်နှင့် အကြော့ တစ်အိမ်တည်းတွင် နေထိုင်၍ ကြာရှည် ဖြစ်နိုင် ပါမည်လော ဟူ၍ တွေးမိပြန်ပြီးလျှင် -

''အကြော့ အကြော့၊ ကံဆိုးလှပါကလား အကြော့ရယ်''

ဟူ၍ ညည်းမိကာ အကြော့အတွက် များစွာ စိတ်မသက်မသာ ဖြစ်မိလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ညစာစားပွဲတွင် ထိုင်မိကြသော အခါ၌မူကား ဒေါ်လေးက မောင်မြင့်မောင်၏ အကြောင်းကို စတင် ပြောသဖြင့်-

''ဟုတ်တယ်၊ ကိုမြင့်မောင်တစ်ယောက် မြုပ်နေတာ အတော်ကြာပြီ၊ အခု ဥတိုမှာတဲ့လား၊ ဒါဖြင့် နက်ဖြန် လူလွှတ်ပြီး အခေါ်ခိုင်းမှပဲ''

ဟူ၍ ကိုသက်ထွန်းက လိုက်လျောကြည်သာစွာ ပြောကြားသောကြောင့် အကြော့မှာ များစွာ စိတ်လက်ရွှင်လန်းကာ ကိုမြင့်မောင်နှင့်တွေ့လျှင် မည်သို့ ပြောလိုက်မည်၊ မည်သို့ ပြုစုလိုက်မည် စသည်ဖြင့် တွေးတောရင်း တပြုံးပြုံး ရှိနေလေ၏။

နောက်တစ်နေ့ ကိုသက်ထွန်း ဆေးရုံသွားသောအခါ ဒေါ်လေးက-

''မောင်သက်ထွန်း၊ မောင်မြင့်မောင်ဆီကို လူလွှတ်ဖို့ မမေ့နဲ့နော်''

ဟု အော်၍ မှာကြားသည်ကို ကိုသက်ထွန်းက -

''မမေ့ပါဘူး ဒေါ်လေး၊ ကျွန်တော် ဆေးရုံ ရောက်ရောက်ချင်း လူတစ်ယောက်ကို လွှတ်လိုက်ပါ့မယ်'' ဟူ၍ အော်ဟစ် ပြေကြားသွားသံကို အကြော့သည် အိပ်ခန်းတွင်းမှ နေ၍ ကြားရသဖြင့် ကိုယ်လုံးပေါ်မှန်ကြီးရှေ့သွားပြီးလျှင် မိမိကိုယ်ကို ဘယ်ပြန်ညာပြန် ကြည့်လေ၏။ ကိုယ့်ကိုယ်ကိုယ်ကြည့်၍ အားရတင်းတိမ်မှ မျက်နှာကို ကြည့်လိုက်ရာ မျက်နှာပေါ်တွင် ပြုံးယောင်ယောင် ဖြစ်နေသော အမူအရာလေးကို တွေ့မြင်ရသောကြောင့် အခြားသူများ မြင်သွားလေပြီလောဟု နောက်သို့ပင် ပြန်၍ လှည့်ကြည့်မိလေ၏။

တစ်နေ့လုံးလည်း ကိုမြင့်မောင်လာတော့မည်၊ လာလျှင် အခွင့်သာက မိမိ အထင်မှားခဲ့ပုံတို့ကို ပြောပြမည်၊ အနည်းဆုံး ကိုမြင့်မောင်ကို မိမိစိတ်တိုင်းကျ မပြုစုရသည့်တိုင်အောင် လဲနေရာမှ ကောင်းမွန် သန့်စွမ်းစွာ ရှိအောင် မိမိ ကြပ်မတ် ကုသရမည်ဖြစ်၍ ကိုမြင့်မောင် လာချိန်ကိုသာ မျှော်မှန်းကာ ၎င်းအတွက် အိပ်ရာနေရာတို့ကို သန့်ရှင်းစွာ စီစဉ် ပြင်ဆင်ထားလေ၏။

ညနေဘက်တွင် ကိုသက်ထွန်း ပြန်လာသဖြင့် ဆီး၍ မေးရာ -

''မောင်မင်းကြီးသားက လာတော် မမူချင်ဘူးတဲ့၊ ဒီက အခေါ်လွှတ်တဲ့လူကို ပြောလိုက်တယ်၊ ကိုကိုတို့တာဝန် ကုန်ပြီလေ၊ သူ မလာတာတော့ ဘယ်တတ်နိုင်မလဲ''

mgyoe.com

mgyoe.com


ဟု ပြောလိုက်သောကြောင့် အကြော့တွင် တစ်ညလုံး၊ တစ်နေ့လုံး အထင်အတွေးဖြင့် မှန်းဆစိတ်ကူး ပျော်မြူး ရွှင်ပျခဲ့ရသမျှ အလဟဿ ဖြစ်ရလေသောကြောင့်-

"သြော်..."

ဟု တစ်ခွန်းတည်းသာ ပြောနိုင်တော့လျက် ဆက်၍ ထားသော အားကလေးမှာ တဖြည်းဖြည်း ဆုတ်သည်ထက် ဆုတ်၍ ယုတ်သည်ထက် ယုတ်ကာ ကြာသော် တစ်စုံတစ်ခုဖြစ်မှာ စိုးရသည့်အတွက် ဝရန်တာကို မြဲမြံစွာ ကိုင်တွယ်၍ ထားရလေ၏။

အတန်ကြာမှ ဟန်လုပ်ကာ ကိုသက်ထွန်း ရေချိုးဖို့ရာအတွက် ကြည့်ရှု ပြင်ဆင်ပေးလေ၏။ ထိုအချိန်တွင် ဒေါ်လေး ရောက်လာ၍ အကျိုး အကြောင်း ပြောပြရာ ဒေါ်လေးကလည်း -

"ဟုတ်တော့ ဟုတ်တာပဲ တူမကြီးရဲ့၊ တို့တာဝန်တော့ ကုန်ပြီပဲ"

ဟု ပြောသည့်အတွက် အကြော့မှာ သာ၍ စိတ်မသက်သာကာ-

"မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ သူ မလာရင် ဒေါ်လေး လိုက်ခေါ်ပေး စမ်းပါ၊ အကြော့ သူ့ကို မတောင်းပန်ရရင် အကြော့ သေမှာပဲ၊ သေရင်လည်း အသေဖြောင့်မှာ မဟုတ်ဘူး၊ အကြော့ သူ့ကို စိတ်နဲ့ ပြစ်မှားထားတာ၊ အကြော့ ကျေနပ်အောင် မလုပ်ရရင် အကြော့တော့ ခက်တော့မှာပဲ။ အကြော့ အခက် ကြုံနေတာကို ဒေါ်လေး ကြည့်ရက်ရင်လည်း နေလေ သဘောပေါ့"

ဟု ပြောကာ စိတ်ပျက်ပျက်နှင့် လှည့်၍ ထွက်ခဲ့လေ၏။

ထမင်းပွဲသို့ ရောက်၍ ခါတိုင်းကဲ့သို့ စကားစမြည် ပြောကြသည့် အခါ အကြော့မှာ များစွာ နေထိုင်မကောင်းသကဲ့သို့ မျက်နှာမသာယာလှဘဲ ရှိသည့်အတွက် ဒေါ်လေးဖြစ်သူမှာ မနေနိုင်တော့ဘဲ မောင်မြင့်မောင်ကို ခေါ်၍ မရလျှင် ရအောင် ခေါ်ယူဖို့မှာ မိမိတို့ တာဝန် ဝတ္တရားဖြစ်ကြောင်း၊ မိမိ ကိုယ်တိုင် နောက်တစ်နေ့တွင် သွားရောက် ခေါ်ငင်မည် ဖြစ်ကြောင်းနှင့် ပြောပြသည့်အတွက် ကိုသက်ထွန်းမှာ 'ဒီလိုလည်း အကောင်းသားပဲ' ဟုသာ ပြောနိုင်တော့၍ အကြော့မှာမူ ပြန်လည် ရွှင်လန်းမှန်းမသိ ရွှင်လန်းလာခဲ့ ပြန်လေ၏။

နောက်တစ်နေ့တွင် ကိုသက်ထွန်း ဆေးရုံသို့ ထွက်သွားပြီးနောက်

mgyoe.com

ဒေါ်လေးလည်း ဥတိုရွာသို့ သွားမည် ပြင်ဆင်ရာ အကြော့မှာ ဒေါ်လေး အပါးမှ မခွာဘဲ -

"ဒေါ်လေး၊ ဟိုကျတော့ ပြောပြနော်၊ အကြော့ မှာတာတွေကို မမေ့နဲ့နော်၊ ရအောင်လည်း ခေါ်ခဲ့နော်၊ အကြော့တော့ သူမပါလာရင် ဘယ်လို ဖြစ်မယ် မသိဘူး"

ဟု ဂယောင်ဂတမ်း ပြောဆိုမှာကြားနေ၍ ဒေါ်လေးဖြစ်သူမှာ စိတ်တို လာဘိသကဲ့သို့-

"အေးပါအေ… ဒေါ်လေး သိပါတယ်"

ဟု ငေါက်ဆတ်ဆတ် ပြောလိုက်၍ အနည်းငယ် ရှန့်တန့်တန့် ဖြစ်သွားသော်လည်း ပြောရဦးမည်ဆိုလျှင် ဆက်၍ ပြောချင်သေးသည့်အတွက်-

"ဒေါ်လေးကလည်း သိပ် စိတ်တိုတာပဲ"

"ညည်းကိုယ်လည်း ညည်းပြန်ကြည့်ပါဦး အေရဲ့၊ ကတဲ တစ်ခါ မှာရင် တော်ရောပေါ့၊ မောင်သက်ထွန်းများ ကြားသွားရင် ခက်တော့မှာပဲ"

ဟု ဆတ်ဆတ် ပြောဆိုပြန်ခြင်းကြောင့် အကြော့လည်း ငြိမ်၍ သွားကာ ဒေါ်လေး ထွက်သွားသည်ကို မျက်ရည်ကလေးလည်လျက် ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

ငါးနာရီ ထိုးပြီးမှ ဒေါ်လေး ပြန်ရောက်မည်ဆိုလျှင် ကိုသက်ထွန်း ပြန်၍ လာချိန် ဖြစ်သောကြောင့် ကိုမြင့်မောင်နှင့် အားရပါးရ စကားပြော နိုင်မည် မဟုတ်သည့်အတွက် ငါးနာရီ မထိုးမီ ပြန်၍ ရောက်လာပါစေဟု ဆုတောင်းရလေတော့၏။

ငါးနာရီထိုးသော်လည်း ပေါ်၍ မလာသော အခါတွင်ကား ကိုသက်ထွန်း ရောက်ချိန်နှင့် ဆိုင်၍ နေသောကြောင့် တွေ့ရသည့်တိုင်အောင် များစွာ အားမရဘဲ ရှိမည်ဟု တွေးကာ စိတ်မသက်မသာ ဖြစ်မိလေ၏။

ငါးနာရီခွဲသည့်တိုင်အောင် မည်သူမျှ ပြန်၍ မလာဘဲ ရှိသဖြင့် အဘယ်ကြောင့်ပါနည်းဟု တွေးတောနေစဉ် ဆေးရုံမှ ဒရဝမ် စာလာပေး သောကြောင့် ကြည့်လိုက်ရာ ဆရာဝန်ကြီး ရောက်နေ၍ မိုးချုပ်မှပင် ပြန်နိုင် မည်ဖြစ်ကြောင်း၊ ထမင်းစားလိုက စားနှင့်နိုင်ကြောင်း ပါရှိသည့်အတွက် ကိုသက်ထွန်း မလာသေးခြင်းကိုပင် ကျေးဇူးတင်ကာ ဒေါ်လေးအလာကို မျှော်ရပြန်လေ၏။

mgyoe.com

သို့မျှော်ဆဲတွင်ပင် ဒေါ်လေး ရောက်၍ လာလေ၏။

ဤတွင် အိမ်အပေါ်သို့ အတက်ကို မစောင့်နိုင်ဘဲ ပြေး၍ သွားကာ-

''ဘယ့်နှယ် ဒေါ်လေး၊ သူကောဟင် သူကော'' ဟု အသက်မျှ မရှူနိုင်ဘဲ မေးရာ ''အားလုံးကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ပါတဲ့၊ သူတော့ မြို့ကို မပြန်ချင်တော့ဘူးတဲ့'' ဟူ၍ ပြောပြသဖြင့် အကြော့မှာ မျှော်လင့်ချက် ကင်းကွာ၍ မျက်နှာကလေး ညှိုပြီးလျှင် မျက်ရည်ကလေးများ မျက်လုံးတွင် တွဲလဲခို၍ လာလေ၏။

လူတစ်ကိုယ်လုံးတွင် ရှိရှိသမျှသော ခွန်အားတို့မှာလည်း ရုတ်တရက် ကုန်ခန်းသကဲ့သို့ လဲချင်သလိုလို ယိုင်ချင်သလိုလို ဖြစ်လာသောကြောင့် မျက်လုံးကိုမှိတ်ကာ ဖြစ်ချင်ရာ ဖြစ်တော့ဟု တစ်ခါတည်း စိတ်လျှော့လိုက်လေ၏။

ထို့နောက် ဒေါ်လေးဖြစ်သူက တွဲ၍ ခေါ်လာသည်ကို သိရလေ၏။

''တူမကြီး ဘယ့်နှယ် နေသေးသလဲ''

ဟု မေးသံကိုလည်း ကြားရလေ၏။ ဤတွင်မှ မျက်လုံးကိုဖွင့်ကာ ကြည့်ပြန်ရာ မျက်ရည်များ လည်၍ နေသောကြောင့် ဒေါ်လေးဖြစ်သူကို သဲကွဲစွာ မမြင်ရဘဲ ရှိလေ၏။ နောက်မှ အားယူကာ -

''ဒေါ်လေး၊ ပြောပါဦး ဘာတဲ့လဲ၊ ဒေါ်လေး အကြော့ မှာတာတွေကို အကုန် ပြောမပြဘူးပေါ့လေ''

ဟု မျှော်လင့်ချက် မကုန်သေးသကဲ့သို့ မေးလေ၏။

''ဒေါ်လေး အကုန်ပြောပြတယ်၊ သူလည်း စိတ်မကောင်းရှာဘူးပေါ့၊ နို့ပေမဲ့ သူလာရင် နှစ်ယောက်စလုံး စိတ်မချမ်းသာရုံမက မောင်သက်ထွန်းပါ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ အကြော့ကို ခွင့်လွှတ်ကြောင်းလောက်သာ ပြောလိုက်ပါတဲ့ မှာလိုက်တယ်၊ သူလည်း အခုတော့ မျက်စိဖွင့်နိုင်ပြီး မျက်နှာပေါ်က ဒဏ်ရာက ကျက်တော့မယ်။

အဲ... လမ်းတော့ တစ်သက်လုံး ကောင်းကောင်း လျှောက်နိုင်တော့မယ် မဟုတ်ဘူး။ ဒေါ်လေး သေသေချာချာ ကြည့်ခဲ့တယ်၊ ထော့နဲ့ ထော့နဲ့ ဖြစ်နေတယ်၊ အကြော့ကို ပြောလိုက်ပါတဲ့၊ ကိုသက်ထွန်းဟာ အကြော့အဖေရဲ့ ယုံကြည်ကိုးစားခြင်း ခံရတဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် ဘယ်အခါမဆို ပက်ပက်စက်စက် ဖြစ်အောင် မလုပ်ပါဘူးတဲ့။ ဒေါ်လေးက အကြော့ စိတ်မကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်နေရတဲ့ အကြောင်း ပြောပြတယ်၊ ဒီတော့ ပြောပါ ဒေါ်လေးရယ်၊ ကျွန်တော် အကြော့ ဒီထက် စိတ်မကောင်းစရာတွေ ဖြစ်မှာမြင်လို့ မလာဘဲ နေတာပါဆိုတာ ပြောလိုက်ပါတဲ့၊ ဒီတော့ သူမှာတဲ့ အတိုင်းသာ…”

အကြော့မှာ မျက်စိကို အတွင်မှိတ်လျက် ရှိုက်ကာ ရှိုက်ကာ ငိုနေသောကြောင့် ဆက်၍ မပြောနိုင်ဘဲ –

“တူမကြီး ယောက်ျားလေးကတောင် ဒီလို ပြောယူရတယ်ဆိုတာ ကြည့်စမ်း၊ မခင်လှကလည်း အကြော့ကို ကြည့်သာ ဖြေဖျော်ဖို့ ပြောလိုက်ပါတော့ ဒေါ်ဒေါ်ရယ်လို့ မှာလိုက်တယ်၊ ကဲ… တူမကြီးလည်း အလိမ္မာသားပဲ၊ ကြည့်သာ လုပ်ပေတော့”

ဟု ဆိုကာ အခန်းထဲမှ ထွက်၍ သွားသဖြင့် အကြော့လည်း ဤတစ်သက်တွင် ကိုမြင့်မောင်နှင့် တွေ့ဆုံ၍ မိမိအပြစ်ကို ဆေးလျှော်ရန်မှာ မဖြစ်နိုင်တော့ပြီဟု ထားရှိသမျှ မျှော်လင့်ချက်တို့ကို တစ်ခါတည်း စွန့်လွှတ်လိုက်ရတော့၏။ ထိုသို့ မျှော်လင့်ချက်များကို စွန့်လွှတ်ရာတွင် ခွန်အားတို့သည် လည်းကောင်း၊ ပျော်အားရွှင်အားတို့သည် လည်းကောင်း ထိုမျှော်လင့်ချက်များနှင့်အတူ မိမိ၏ ကိုယ်မှ တစ်ခါတည်း ထွက်သွားကြသည်ကိုသာ သိလိုက်ရကာ အိပ်ရာပေါ်တွင် ခွေခွေကလေး လဲ၍ ကျန်ရစ်ခဲ့လေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၆

## ထိုတစ်ယောက်၏ လမ်းခွဲခြင်း

ကိုမြင့်မောင်မှာ မိမိ အရေးနိမ့်ခဲ့ရခြင်းအတွက် များစွာ ဝမ်းနည်းမိသည် မှန်သော်လည်း ကိုသက်ထွန်းကို ရွေးချယ် ပေါင်းသင်းရခြင်းဖြင့် အကြော့တွင် ကျေနပ်ပျော်ရွှင်ခြင်း ရှိသည်ဆိုလျှင် မိမိ အဆွေးကို မိမိကြိုးစား၍ ငြိမ်းယူမည်ဟု မူလကပင် သန္နိဋ္ဌာန်ချထားခဲ့သူဖြစ်၍ မိမိအား စာရင်းမှ ပယ်ထုတ်လိုက်ကြောင်း ဖော်ပြပါရှိသော အကြော့၏စာကို မခင်လှ ဖတ်ပြ၍ ကြားရစဉ်က ထိုသန္နိဋ္ဌာန်ချထားသည့် အတိုင်းပင် ပြုလုပ်ရန်သာ ရှိတော့သည်ဟု တွေးတောကာ မိမိ အမြတ်တနိုးထားသော လက်စွပ်ကို မခင်လှဖြင့် တစ်ဆင့် အကြော့ထံ အပို့ခိုင်းခြင်း ဖြစ်လေ၏။

သို့သော် မခင်လှ ပြန်လာ၍ အကြောင်းကို ပြန်ပြောင်း ပြောပြခဲ့ကြောင်း၊ ဤတွင်မှ အကြော့မှာ ၎င်း၏ အမှားကြီးကို ကြီးစွာ နောင်တရနေရှာကြောင်း၊ ကိုသက်ထွန်းကို မျက်စိမှိတ်၍ ယူရရှာတော့မည် ဖြစ်ကြောင်းတို့ကို ပြန်ပြောင်း ပြောပြသဖြင့် ကြားရသောအခါ မိမိ မည်သို့ ပြုရမည်ကို ဝေခွဲ၍ မရနိုင်အောင် ရှိလာလေ၏။

ကိုသက်ထွန်းနှင့် ပေါင်းသင်းရ၍ အကြော့ ပျော်ရွှင်ရိုး မှန်လျှင်

mgyoe.com

mgyoe.com SAMPLE BOOK

မိမိ အဖို့သော်ကား တဖြည်းဖြည်း ဖြေဖျောက်၍ ယူနိုင်မည်ဖြစ်ရာ ယခုသော်ကား အကြော့မှာ တငိုငို တရယ်ရယ်ဖြင့် ဖြစ်နေချေပြီ။ ကိုသက်ထွန်းမှာ အကြော့၏ ခင်ပွန်းဖြစ်၍ နေလေပြီ ဖြစ်သောကြောင့် ယခုမှ ပြင်၍ ရတော့မည် မဟုတ်။ သို့ဖြစ်၍ မိမိ မည်ကဲ့သို့ ပြုလုပ်လျှင် ကောင်းပါမည်နည်းဟု စဉ်းစားရင်း အကြော့အတွက် အသနားပိုသည်ထက် ပို၍သာ လာခဲ့လေ၏။

သို့ရှိနေစဉ် ကိုသက်ထွန်းထံမှ အခေါ်လွှတ်သူ ရောက်ခဲ့၏။ ဒေါ်လေးဖြစ်သူလည်း ကိုယ်တိုင် လာရောက် ခေါ်ခဲ့၏။ မိမိမှာ သွားရောက်လိုသည် မှန်သော်လည်း အဘက်ဘက်မှ လှည့်၍ စဉ်းစားလိုက်သောအခါ မည်သည့်နည်းနှင့်မျှ အကြော့နှင့် အတွေ့ခံ၍ မဖြစ်နိုင်ကော့ပြီ။ မိမိ ဤတော ဤရွာ၌ နေခြင်းပင်လျှင် မသင့်တော့ပြီ။ တစ်မြို့ တစ်ရွာသို့ သွားရောက်နေမှပင် အကြော့လည်း မိမိအား မေ့ပျောက်လိမ့်မည်ဟု တွေးတောမိသည့်အလျောက် တစ်နေ့၌-

"မခင်လှ၊ ကျွန်တော် ဒီမှာ မနေချင်တော့ဘူး"

ဟု ရုတ်တရက် ပဏာမ မပျိုး ခပ်ရိုးရိုးပင် ပြောမိရာ -

"အို… ဘာဖြစ်လို့တုံး မပျော်လို့လား"

မခင်လှမှာ များစွာ အံ့အားသင့်သွားပုံရလျက် မျက်နှာကလေးသည် ပျက်၍ နေပြီးလျှင် မျက်လုံးများတွင်လည်း မျက်ရည်ကလေးများ ရစ်ဝဲလျက် လာလေ၏။

"ပျော်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်လည်း နေကောင်းသွားမှပဲ၊ ဒီမှာ နေဖို့ မလိုပါဘူး"

"မဟုတ်တာပဲ ကိုမြင့်မောင်၊ ကိုမြင့်မောင် ကောင်းကောင်းမှ လမ်းမလျှောက်နိုင်သေးဘဲဟာ၊ ဘယ်သွားလို့ ဖြစ်နိုင်ပါ့မလဲ"

"ဒီ ခြေထောက်အတွက်လား၊ ဟာ… ဒါကတော့ တစ်သက်လုံး ကောင်းတော့မှာမှ မဟုတ်ဘဲ၊ ဒီတစ်သက်မှာ ကျွန်တော် ကောင်းကောင်း လမ်းလျှောက်နိုင်လိမ့်ဦးမယ်လို့များ ထင်နေလို့လား"

ကိုမြင့်မောင်က အသံထွက်အောင်ပင် ရယ်၍ မေးလိုက်သော်လည်း ထိုစကားကြားရသော မခင်လှမှာကား ရယ်နိုင်ဖို့ဝေးစွ ကိုမြင့်မောင် တစ်သက်ပတ်လုံး ထော့ကျိုး ထော့ကျိုးနှင့် လမ်းလျှောက်နေရတော့မည့်အရေးကို ပြေး၍

mgyoe.com

သတိရ မြင်ယောင်မိကာ တစ်ခါတည်း ငိုလိုက်ချင်သော စိတ်များပင် ပေါ်ပေါက်လာလေ၏။

"ဒါပေမဲ့ ကိစ္စ မရှိပါဘူး၊ ဒီ ချိုင်းထောက်ကလေးပါရင် လိုရာကို ထောက်ထောက်ပြီး သွားနိုင်တာပဲ"

"ကိုမြင့်မောင် ဘယ်ကို သွားမှာလဲ"

"မြို့ကို မပြန်တော့ဘူး ဆိုတာတော့ အသေအချာပဲ၊ တခြား ဘယ်ကို သွားရမယ် ဆိုတာတော့ မပြောတတ်ဘူး၊ ဦးတည့်ရာပဲ ဆိုပါတော့"

"အို... ကိုမြင့်မောင် မြို့ကို ပြန်တယ်ဆိုရင် တော်သေးရဲ့၊ တွေ့ကရာ ထွက်သွားလို့ ဖြစ်ပါ့မလား"

"မြို့ကို ပြန်လို့ မဖြစ်ဘူးထင်တယ် မခင်လှ၊ မြို့ကို ပြန်ရင်..."

ကိုမြင့်မောင်မှာ ရှေ့သို့ ဆက်၍ မပြောဘဲ မျက်နှာကို တစ်ဖက်လွှဲကာ တစ်စုံတစ်ခုကို စဉ်းစား၍ နေလေ၏။

"မြို့ကို ပြန်လို့ ဘာဖြစ်လို့ မဖြစ်မှာလဲ ကိုမြင့်မောင်၊ ကျွန်မတို့ လိုက်ပို့မှာပေါ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါအတွက် မဟုတ်ဘူး"

"နို့..."

"မခင်လှတော့ အကြောင်းသိပြီးသားမို့ ပြောလည်း မထူးပါဘူး၊ ကျွန်တော် မြို့မှာနေရင် အကြော့ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး၊ ဒီမှာ နေတာတောင် ကြည့်လေ၊ ဘယ်လိုလဲဆိုတာ၊ အကြော့ ကျွန်တော့်အတွက် စိတ်မကောင်း ဖြစ်နေတာကို ကိုသက်ထွန်း သိသွားရင်လည်း မကောင်းဘူး၊ ဒီတော့ ကျွန်တော် တခြားကို ရှောင်ထွက်သွားရင် အားလုံး အေးကြမှာပဲ၊ သွားဆို နက်ဖြန်ပဲ သွားချင်တယ်"

"မြန်လှချည်လား ကိုမြင့်မောင်၊ ကျွန်မတောင် ဘာပြောရမှန်း မသိပါဘူး၊ ကျွန်မတို့တော့ ဝမ်းသာနေတာ၊ ကိုမြင့်မောင်ကို တစ်သက်လုံး လုပ်ကျွေးရတော့မဟဲ့လို့"

"မခင်လှတို့ကိုလည်း အင်မတန် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ တာဝန်ကလည်း ရှိသေးတယ်။ နေထိုင်မကောင်းခင်တုန်းက မလုပ်နိုင်ရင် ရှိစေတော့၊ နေထိုင်ကောင်းရက်နဲ့ အလကား ထိုင်မနေချင်ဘူး"

mgyoe.com